# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၃၃၆)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၃၁

**တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးကြည်မင်း၊ ဦးကျော်လင်း၊ ဦးလှမော်ဦး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယသမ္မတသည် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အတွင်းရှိ ပြည်ထောင်စုခန်းမ၊ နန်းမြင့်မျှော်စင်ရှိ တိုင်းရင်းသားရိုးရာပြခန်းနှင့် တိုင်းရင်းသားရိုးရာအိမ်များသို့ သွားရောက်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက တိုင်းရင်းသားကျေးရွာအား ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း အကွက်ချတည်ဆောက်နေမှု အခြေအနေအားဘာဂီယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာအတွင်းရှိ မြေနေရာလွတ်များ စီမံခန့်ခွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ချင်းရိုးရာအိမ်ကို ကြည့်ရှုစဉ်။**

သတင်းစဉ်

**ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် သဘာဝရိုးရာဓလေ့များကို စိတ်ဝင်စားလေးစားကာ တန်ဖိုးထားတတ်သည့်အတွက် ရိုးရာအိမ်များနှင့် ပြခန်းပြကွက်များသည် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်နိုင်အောင် စီစဉ်ဆောင်ရွက်ရန်လို**







မြန်မာ့အလင်း

# မျှော်လင့်ချက်တို့ ရှင်သန်စေလို

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (**NRPC**) ကိုယ်စားလှယ်အဖွဲ့နှင့် မြောက်ပိုင်းလေးဖွဲ့ဟု သိကြသည့် **KIO, MNTJP, PSLF, ULA** တို့မှ ကိုယ်စားလှယ်များ ဩဂုတ် ၃၁ ရက်နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ တွေ့ဆုံ၍ လက်ရှိဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ အမြန်ဆုံးရပ်တန့်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ယင်းနံနက်ပိုင်းမှာပင် ကွတ်ခိုင်မြို့တွင် ဖြစ်ပွားသည့်တိုက်ပွဲအတွင်း မောဟိတ်စုစည်းရွာအတွင်းသို့ လက်နက်ကြီးကျည်ကျကာ အမျိုးသမီးသုံးဦးနှင့် လသားအရွယ်အပါအဝင် ကလေးနှစ်ဦးတို့ သေဆုံးခဲ့ရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဩဂုတ် ၁၅ ရက်က စတင်ခဲ့သည့်တိုက်ပွဲများက အပြစ်မဲ့အရပ်သားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များစွာတို့ကို ထိခိုက်ဆုံးရှုံးစေခဲ့သည်။ ပြင်ဦးလွင်မှစကာ လားရှိုး၊ မူဆယ် မြောက်ပိုင်းပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ပစ်ခတ်တိုက်ခိုက်မှုများမှသည် ကုန်တင်ကား၊ ခရီးသည်တင်ကား၊ အိမ်စီးကားငယ်များနှင့် ပရဟိတကားများကိုပါမကျန် ပစ်ခတ်မီးရှို့ခံကြရသည်။ တိုက်ပွဲများအကြားပိတ်မိခဲ့ရသည့် ပြည်သူများမှာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် နာမကျန်းမှုတို့အတွက် ဆေးကုသရန်ပင် အခွင့်အလမ်းမရရှိခဲ့သည့်အပြင် အပြစ်မဲ့ပြည်သူအချို့မှာလည်း မသင်္ကာမှုဖြင့် ဖမ်းဆီးရိုက်နှက်ခံကြရကြောင်း ဒေသခံများထံမှ ကြားသိရသည်။ တရုတ်- မြန်မာ ကုန်သွယ်မှုတွင် အဓိကကျသည့် ပြည်ထောင်စုလမ်းမကြီးမှာလည်း တံတားမိုင်းခွဲဖျက်ဆီးမှု၊ မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီးကာ လမ်းပိတ်ထားမှုနှင့် ပစ်ခတ်မှုများကြောင့် ပုံမှန်အတိုင်း သွားလာ၍မရတော့ဘဲ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုတို့ကို ကြီးမားစွာထိခိုက်စေခဲ့သည်။

စစ်၏သဘောအရ လက်နက်စွဲကိုင် ရင်ဆိုင်တိုက်ခိုက်ကြရသည်မှာ သဘာဝဖြစ်သော်လည်း ရပ်ရွာဒေသများနှင့် လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော ပြည်သူများကို ပစ်မှတ်သဖွယ်သဘောထားကာ တိုက်ခိုက်လာခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများကို မြို့ရွာများတွင် ဖော်ဆောင်လာခြင်းတို့ကို အကြမ်းဖက်ခြင်းအဖြစ်သာ သတ်မှတ်ကြမည်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ သဘောထားအနေဖြင့် မည်သည့်စစ်ပွဲ၊ တိုက်ပွဲကိုမှ အလိုမရှိဘဲ ငြိမ်းချမ်းစွာနေလိုကြသည်ကို အလေးအနက်ထားကြရမည်ဖြစ်သည်။ လက်နက်စွဲကိုင်တိုက်ခိုက်နေကြခြင်း သို့မဟုတ် နိုင်ငံရေးကို အခြားနည်းဖြင့် ဖော်ဆောင်နေကြခြင်းကို လေးနက်စွာ ပြန်လည်ဆန်းစစ်သုံးသပ်ကြဖို့လိုနေပြီဟူ၍လည်း ရှုမြင်မိသည်။

**NRPC** ကိုယ်စားလှယ်အဖွဲ့နှင့် မြောက်ပိုင်းလေးဖွဲ့တို့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အချက်ခြောက်ချက်ပါ ပူးတွဲသတင်းထုတ်ပြန်ချက်တစ်စောင်ထွက်လာခဲ့ရာ တိုက်ပွဲများအမြန်ဆုံးရပ်တန့်နိုင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် နှစ်ဖက်စလုံးက နိုင်ငံရေးဆန္ဒအပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဟူသောအချက်က ပြည်သူများအတွက် မျှော်လင့်ချက်များ ပေးထားဆဲဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ စစ်ပွဲများဆင်နွှဲလိုက်၊ အပေးအယူအလျှော့အတင်းလုပ်ကာ နိုင်ငံရေးစားပွဲဝိုင်းဆီပြန်လာလိုက်ဆိုသော အခြေအနေမျိုးများကို ပြည်သူများက မလိုလားဘဲ ငြိမ်းချမ်းရေးအတွက် စစ်မှန်သော ဆန္ဒများဖြင့် ရိုးသားစွာ ဆွေးနွေးကြရင်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပီပြင်အောင် ဖော်ဆောင်ကြရန်သာ လိုလားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ဩဂုတ် ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်ရာ စစ်ဌာနချုပ်နယ်မြေငါးခုတွင် တပ်မတော်ဘက်မှစတင်၍ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ (၈) လကြာ ရပ်ဆိုင်းပေးထားရာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၁ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးသွားမည် ဖြစ်ကြောင်း ပါရှိသည်။ စစ်ပွဲများ ဖြစ်ပွားရာနေရာများရှိ ဒေသခံပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်မူ ပြည်ထောင်စုကြီး၏ မည်သည့်နေရာ အစိတ်အပိုင်းတွင်မျှ စစ်ရေးပဋိပက္ခများနှင့်စစ်ပွဲအနိဋ္ဌာရုံများကို ထပ်မံ၍ မတွေ့လို၊ မမြင်လို၊ မကြားလို၊ မကြုံလိုတော့သည့်အလျောက် နှလုံးရည်ကိုဗဟိုပြုလျက် ငြိမ်းချမ်းသောလမ်းကို လျှောက်လှမ်းနိုင်ကြပါစေကြောင်း။ ။

# HWPL ၏ ၂၀၁၉ ကမ္ဘာ့ငြိမ်းချမ်းရေးထိပ်သီးအစည်းအဝေး ရန်ကုန်မြို့၌ ကျင်းပ




**ရန်ကုန် ဩဂုတ် ၃၁**

ကိုရီးယားနိုင်ငံ အခြေစိုက် Heavenly Culture, World Peace, Restoration of Light (HWPL)၏ ၂၀၁၉ ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကား ပြောကြားပြီး (**ယာပုံ**) ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် HWPL ၏ Publicity Ambassador ဒေါက်တာ သာဉာဏ်တို့က ငြိမ်းချမ်းရေး အမှာစကားများပြောကြားကြသည်။

ထို့နောက် HWPL ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးအစည်းအဝေး နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဗီဒီယို၊ ငြိမ်းချမ်းရေးနှင့်စစ်ပွဲများ ရပ်စဲရေးကြေညာလွှာနှင့် ငြိမ်းချမ်းရေး စာလွှာမှတ်တမ်းဗီဒီယိုတို့ကို ပြသပြီး ငြိမ်းချမ်းရေးနှင့် စစ်ပွဲများရပ်စဲရေး ကြေညာလွှာနှင့်စပ်လျဉ်း၍ ဥပဒေ အကြောင်းအရာများကို လည်းကောင်း၊ ငြိမ်းချမ်းရေးစာလွှာကို လည်းကောင်း ရှင်းလင်းဖတ်ကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးစာလွှာများကို ပြုစုပြီး မှတ်တမ်းတင်ခြင်း၊ HWPL နှင့် သီတဂူဗုဒ္ဓတက္ကသိုလ် (သန်လျင်) တို့အကြား ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ အတူတကွပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် နှစ်ဖက်နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက "ငြိမ်းချမ်းရေးနှင့် စစ်ပွဲများရပ်စဲရေးကြေညာလွှာကို လေ့လာကြည့်တော့ ကမ္ဘာကြီးမှာ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ဖို့ စနစ်တကျ လုပ်ထားတာ တွေ့ရတယ်။ တစ်ကမ္ဘာလုံးက လက်ခံလာဖို့တော့ တော်တော်လုပ်ရဦးမယ်။ ကျွန်တော်တို့လည်း ပူးပေါင်းပါဝင်တဲ့သူတွေအနေနဲ့ ပါဝင်ကြတယ်။ မြန်မာနိုင်ငံ အတွက်လည်း ဆောင်ရွက်နေတာတွေရှိတယ်။ တကယ်အားကောင်းလာမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းရေးအတွက် တိုက်ရိုက်အဆင်မပြေပေမယ့် အဲဒီအသိပညာတွေနဲ့ ဆက်သွားမယ်ဆိုရင် ငြိမ်းချမ်းရေးအတွက် အထောက်အပံ့ရရှိစေမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ယခုအခမ်းအနားကို ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံကိုလည်း ငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်၍ HWPL နှင့် နိုင်ငံတကာအမျိုးသမီးများ ငြိမ်းချမ်းရေးအဖွဲ့(IWPG)၊ နိုင်ငံတကာ လူငယ်များ ငြိမ်းချမ်းရေးအဖွဲ့(IPYG) တို့ ပူးပေါင်းကျင်းပခြင်း ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ - ဇော်ကြီး**

# လက်ပံတန်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**လက်ပံတန်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ လက်ပံတန်းလူမှုကယ်ဆယ်ရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော "လူငယ်နှင့်အနာဂတ်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို လက်ပံတန်းမြို့နယ် ၂ လမ်းခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ပြည်သူ့စကားဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ "လူငယ်နှင့်အနာဂတ်" ပြည်သူ့စကားဝိုင်းကို ပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန်း၊ မြို့နယ်အားကစားမှူး ဦးဇော်ရဲလှိုင်၊ စာရေးဆရာ အကြည်တော်၊ စာရေးဆရာ မြင့်သိန်း- ရွှေတောင် (Book Club) ဥက္ကဋ္ဌတို့က လူငယ်များနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ဗဟုသုတဖြစ်စေရန် ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# လှိုင်ကော် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းမှ သင်တန်းလေးခု၏ သင်တန်းဆင်းပွဲများကျင်းပ

**လှိုင်ကော် ဩဂုတ် ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကယားပြည်နယ် လှိုင်ကော်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သော အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၇၃)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၅၂)၊ ကယားရိုးရာဂျပ်ခုတ် သင်တန်းအမှတ်စဉ်(၁၇)နှင့် အခြေခံ သိုးမွှေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၄) တို့၏ သင်တန်းဆင်းပွဲများကို ဩဂုတ် ၃၀ ရက်က အဆိုပါ သင်တန်းကျောင်း ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက အမှာစကား ပြောကြားပြီး အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းတို့မှ ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ (**အောက်ပုံ**)




ထို့နောက် ပြည်နယ်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဂျပ်ခုတ်သင်တန်းတွင် ထူးချွန်ဆုရရှိသူနှင့် အခြေခံ သိုးမွှေးစက်ဆွဲသင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး အိမ်တွင်းမှုသင်တန်း ကျောင်းအုပ်ဆရာမကြီးက သင်တန်းသူများအား အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

ဖွင့်လှစ်ခဲ့သော သင်တန်း လေးခုကို သင်တန်းတစ်ခုလျှင် သင်တန်းကာလ ၁၄ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး အခြေခံအိမ်တွင်းမှုသင်တန်း၌ သင်တန်းသူ ၆၀၊ အဆင့်မြင့် စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၃၁ ဦး၊ ဂျပ်ခုတ်သင်တန်းတွင် သင်တန်းသူ ငါးဦးနှင့် အခြေခံသိုးမွှေးစက်ဆွဲသင်တန်းတွင် သင်တန်းသူ ငါးဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှိုင်ကော်သား**



❇ *ရှေ့ဖုံးမှ*

ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ တစ်နေရာတည်း တစ်စုတစ်စည်းတည်း ထင်ရှားပေါ်လွင်စွာ လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မာလာစေ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်ပြီး တည်ဆောက်ဖွင့်လှစ်ခဲ့ပါကြောင်း။

မူလက ၂၀၀၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ နယ်စပ်/စည်ပင်ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုမိမိတို့အစိုးရသစ်လက်ထက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနနှင့် သက်ကြီးသူများအတွက် အပန်းဖြေရန် သီးသန့်နေရာများ စီစဉ်ပေးသကဲ့သို့ မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများအတွက်ကိုလည်း စီစဉ်ပေးရန်နှင့် အမြန်ဆုံးပြီးစီးနိုင်မည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပြီး ပြီးစီးမှုအခြေအနေများကို ပြည်သူများသိရှိစေရန် ကြေညာသွားရန်လည်း တစ်ပါတည်း မှာကြားခဲ့ပါကြောင်း။

**ဝင်ငွေပိုမိုတိုးတက်ရရှိရေး**

၂၀၁၉ ခုနှစ် မတ်လအတွင်း နိုင်ငံတော်သမ္မတက တိုင်းရင်းသားကျေးရွာသို့ လာရောက်စစ်ဆေးစဉ်တွင် တိုင်းရင်းသားကျေးရွာ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် ဝင်ငွေပိုမိုတိုးတက်ရရှိရေးထက် တည်ထောင်ရခြင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ပိုမိုတိုးတက်ရေးကို အလေးပေးဆောင်ရွက်သွားရန် မှာကြားခဲ့ပါကြောင်း။

ယခု ရေးဆွဲတင်ပြလာသည့် Master Plan အား လေ့လာကြည့်ရာ တိုင်းရင်းသားကျေးရွာ မူလတည်ထောင်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ကိုက်ညီရန်အတွက် ပြန်လည်ပြင်ဆင်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ နန်းမြင့်မျှော်စင်ရှိ တိုင်းရင်းသားရိုးရာပြခန်းကို ကြည့်ရှုစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာအတွင်းရှိ မြေနေရာလွတ်များ စီမံခန့်ခွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

လိုသည့် လုပ်ငန်းကိစ္စများအား တင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းရင်းသားကျေးရွာကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုအားကောင်းစေရေး အထောက်အပံ့ဖြစ်ရန် တည်ထောင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်ချက်များနှင့်အညီ ယခုအစည်းအဝေးတွင် ဆွေးနွေးအကြံပြုခဲ့သည့် အချက်များကို အခြေခံကာ Master Plan အား ပြန်လည်ညှိနှိုင်းရေးဆွဲရန် လိုအပ်ပါကြောင်း၊ လိုအပ်သည့် အခြေခံအဆောက်အအုံများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဝိုင်းဝန်းပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ဆက်လက်စီမံသွားရမည် ဖြစ်ကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် တိုင်းရင်းသားကျေးရွာ ကပွဲခန်းမတွင်

အဖြစ် လွှဲပြောင်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်စေခဲ့ပါကြောင်း။

**လမ်းညွှန်မှာကြားခဲ့**

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ရေရှည်တည်တံ့ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြုပြင်မြှင့်တင်ရေးအတွက် Master Plan တိတိကျကျရေးဆွဲပြီး ပြန်လည်တင်ပြရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

မိမိအနေဖြင့်လည်း ၂၀၁၇ ခုနှစ် နိုဝင်ဘာလက ရောက်ရှိခဲ့စဉ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ အဆင့်မြှင့်တင်နိုင်ရန်အတွက် Master Plan ကို ကျွမ်းကျင်သူများနှင့် ပူးပေါင်းပြီး ရေးဆွဲရန် မှာကြားခဲ့ပါကြောင်း၊ ရေးဆွဲရာတွင်လည်း တိုင်းရင်းသားကျေးရွာထူထောင်ရခြင်း၏ မူလရည်ရွယ်ချက် မပျောက်ပျက်စေရန်၊ ကလေးများ၊ လူငယ်များ၊ အမျိုးသမီး/အမျိုးသားများ ညှိနှိုင်းရေးဆွဲရန် လိုအပ်သည်ကို တွေ့ရပါကြောင်း။

**ဦးစားပေးဆောင်ရွက်သင့်**

မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနှင့် ပတ်သက်သည့် ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့ ယဉ်ကျေးမှုအမွေအနှစ်များကို ပြသနိုင်မည့် ပြတိုက်တစ်ခု တည်ဆောက်ပြသနိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ တစ်ဆက်တည်း တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ နှစ်စဉ်ဆောင်ရွက်သည့် အခမ်းအနားများ၊ နေ့ထူးနေ့မြတ်ဆိုင်ရာ ပွဲတော်များကို တိုင်းရင်းသားကျေးရွာအတွင်း ကျင်းပနိုင်ရန်အတွက် Convention Center ကဲ့သို့ ခန်းမမျိုး တည်ဆောက်သင့်ပါကြောင်း၊ အဆိုပါ Convention Center တွင် နိုင်ငံတကာ Summit များ၊ Workshop များ၊ Seminar များ လက်ခံကျင်းပနိုင်ပါက တက်ရောက်လာသည့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များကို မိမိတို့ တိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ပြသ ကြည့်ရှုစေနိုင်မည် ဖြစ်ပါကြောင်း။

တိုင်းရင်းသားရိုးရာအိမ်များ တည်ဆောက်ခြင်းအား တန်ဖိုးများစွာ ကုန်ကျခြင်းမရှိဘဲ လုပ်ဆောင်နိုင်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် သဘာဝရိုးရာဓလေ့များကို စိတ်ဝင်စားလေးစားကာ တန်ဖိုးထားတတ်သည့်အတွက် ရိုးရာအိမ်များနှင့် ပြခန်းပြကွက်များသည် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်နိုင်အောင် စီစဉ်ဆောင်ရွက်ရန် လိုပါကြောင်း။

တိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်ခြင်းအား မူလရည်ရွယ်ချက်မပျက် တစ်ဆင့်ချင်း တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်သင့်သည့် အစီအစဉ်များအား ယခုအစည်းအဝေးတွင် သုံးသပ်အကြံပြု ဆွေးနွေးစေလိုကြောင်း



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဆွေးနွေးတင်ပြစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဆွေးနွေးတင်ပြစဉ်။



ဒုတိယဝန်ကြီး ဦးလှမော်ဦး ရှင်းလင်းတင်ပြစဉ်။

ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်လိုသည့် အစီအစဉ်များအား အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက တိုင်းရင်းသားကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးစေယဉ်ကျေးမှု သရုပ်ပြဝန်ထမ်းများက ဖျော်ဖြေတင်ဆက်သည့် ရိုးရာယဉ်ကျေးမှုအကများအား ကြည့်ရှုအားပေးကာ ဖျော်ဖြေတင်ဆက်ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

*စာမျက်နှာ ၄ သို့*




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ အသုံးအဆောင်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာအိမ်များ၊ ဓလေ့၊ ထုံးတမ်းအစဉ်အလာများကို ပကတိအနေအထားအတိုင်း တစ်စုတစ်စည်းတည်း လေ့လာနိုင်အောင် စနစ်တကျ ထိန်းသိမ်းပြသထားပြီး နှစ်စဉ် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ အပန်းဖြေလေ့လာရေး လာရောက်ကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ အမှတ်(၆၀၄/၆၀၈) အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဒုတိယသမ္မတအား ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် အဆောက်အဦ အစည်းအဝေးခန်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများက အဆောက်အဦ ပြင်ဆင်မွမ်းမံဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ အဆောက်အဦပြင်ဆင်ရန် နှစ်အလိုက် ဘဏ္ဍာငွေ ချထားပေးမှု အခြေအနေနှင့် အဆောက်အဦ ဆောက်လုပ်ပြီးစီးသွားပါက လုပ်ငန်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် အဆောက်အဦအတွင်း ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူကုန်ကူးမှုဝါဒဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ရေးဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

**ညှိနှိုင်းဆွေးနွေး**

ညှိနှိုင်းဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု၊ သဘာဝဘေးဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်တပ်လှေများ လိုအပ်မှု၊ ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အဦလိုအပ်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သဘာဝဘေးကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများ၊ လူကုန်ကူးမှုတားဆီးရေးကော်မတီဝင်များ၊ ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံရပ်မိရပ်ဖများနှင့် ထားဝယ်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ သဘာဝဘေးကူညီကယ်ဆယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လူကုန်ကူးမှုဝါဒဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးကိစ္စများ၊ လူကြောင့်ဖြစ်သောဘေးနှင့် သဘာဝကြောင့်ဖြစ်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ အဆိုပါကဏ္ဍများအလိုက် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် ချိတ်ဆက်ပူးပေါင်းရကြောင်း၊ အနာဂတ်၌ တာဝန်များကို လွှဲပြောင်းယူရမည့် လူငယ်များနှင့်ပတ်သက်၍လည်း တာဝန်ရှိပါကြောင်း၊ လူငယ်များတွင် အတွေးအမြင်အသစ်များ၊ တီထွင်ကြံဆလုပ်ဆောင်နိုင်မှုများ ရှိပါကြောင်း၊ လူငယ်များသည် မိမိတို့၏အချိန်များကို တန်ဖိုးရှိစွာအသုံးချတတ်ရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင်လည်း လူငယ်ရေးရာကော်မတီအဖွဲ့ဝင် လူငယ်များရှိကြောင်း၊ လူငယ်များအားလုံးက လူငယ်ရေးရာမူဝါဒအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်များ၊ လူငယ်ရေးရာကော်မတီဝင်များ၊ ပြည်တွင်း၊ ပြည်ပ လူမှုအဖွဲ့အစည်းများက ချိတ်ဆက်ပူးပေါင်းရန် တိုက်တွန်းပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဆွေးနွေးပွဲတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းဆောင်ရွက်ပါကြောင်း၊ လုပ်ငန်းကော်မတီ ၁၂ ခုရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆင့်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကော်မတီဝင်များ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများက ကွန်ရက်သဖွယ်ချိတ်ဆက်ထားရန်နှင့် အလျင်အမြန်တုံ့ပြန် အကောင်အထည်ဖော်နိုင်ရန် အသင့်ရှိစေလိုကြောင်း ပြောကြားခဲ့သည်။

**ပြန်လည် ဆွေးနွေးဖြေကြား**

ထို့နောက် တက်ရောက်လာကြသူများက လူငယ်စင်တာ ဆောက်လုပ်နိုင်ရေးကိစ္စများ၊ သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် လူငယ်များအနေဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်ကိစ္စများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေးကိစ္စများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းကို တိုင်းဒေသကြီးအတွင်း၌ပင် ဖွင့်လှစ်ပေးနိုင်ရေးကိစ္စများကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြသည်။

ဆက်လက်၍ ရေဘေးသင့်ဒေသများအတွက် DIJAC, AFA နှင့် ဖူးကတ်မြို့နေ ပရဟိတအဖွဲ့အစည်းများနှင့် ရွှေ့ပြောင်းအလုပ်သမားများက ငွေကျပ်သိန်း ၃၀ ကို လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်သားမြို့နယ်အတွင်း၌ 33/11 KV, 5MVA ဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများ ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ဒရယ်ကောင်းကျေးရွာတွင် 33/11 KV, 5M VA ဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ခြင်းလုပ်ငန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး တည်ဆောက်မှုပြီးစီးပါက ဒရယ်ကောင်းကျေးရွာအပါအဝင် ကျေးရွာ ၂၅ ရွာနှင့် ကျောက်ဆည်မြို့နယ် အနောက်တောင်ဘက်ခြမ်းရှိ ကျေးရွာ ၂၃ ရွာ စုစုပေါင်း ၄၈ ရွာတွင် ဓာတ်အားရရှိပြီး အိမ်ခြေပေါင်း ၈၀၄၂ အိမ် ဓာတ်အားသုံးစွဲခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**






အကြိမ်(၄၀) မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင် ခေါင်းဆောင်သော မြန်မာပါလီမန်ကိုယ်စားလှယ်အဖွဲ့ အကြိမ် (၄၀) မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၃၁

**လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင် ဦးဆောင်သော မြန်မာပါလီမန်ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံပါလီမန်များညီလာခံ (ASEAN Inter- Parliamentary Assembly- AIPA) ဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. CHUAN LEEKPAI ၏ ဖိတ်ကြားချက်အရ အကြိမ်(၄၀) မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (40th AIPA General Assembly) တက်ရောက်ရန် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။ မြန်မာပါလီမန်ကိုယ်စားလှယ်အဖွဲ့အား ထိုင်းလွှတ်တော်မှ ဒုတိယဥက္ကဋ္ဌ Hon. Mr. Suchart Tonjaroen ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

အကြိမ်(၄၀)မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို "Advancing Parliamentary Partnership for Sustainable Community" ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံတွင် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ ၃၀ ရက်ထိ ကျင်းပခြင်းဖြစ်သည်။

အကြိမ်(၄၀)မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံတွင် ညီလာခံ၏ ကော်မတီအစည်းအဝေးများဖြစ်သော Committee on Political Matters မှ အဆိုမူကြမ်း ရှစ်ခု၊ Committee on Economic Matters မှ အဆိုမူကြမ်း လေးခု၊ Committee on Economic Matters မှ အဆိုမူကြမ်း လေးခု၊ Committee on Social Matters မှ အဆိုမူကြမ်း ခြောက်ခု၊ Committee on WAIPA မှ အဆိုမူကြမ်း နှစ်ခုနှင့် Committee on Organizational Matters မှ အဆိုမူကြမ်း ၂၀ ခုတို့ တင်သွင်းထားပြီး ယင်းအဆိုမူကြမ်းများအား လက်ခံဆွေးနွေးနိုင်ခြင်း ရှိ၊ မရှိ အာဆီယံပါလီမန် ၁၀ ခုစလုံး၏ သဘောတူညီမှု (Consensus) ရယူကာ AIPA အမှုဆောင်ကော်မတီအစည်းအဝေး (AIPA Executive Committee Meeting) က အတည်ပြုပေးရန် ဖြစ်သည်။




**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင် ခေါင်းဆောင်သော မြန်မာပါလီမန်ကိုယ်စားလှယ်အဖွဲ့ AIPA Executive Committee Meeting သို့ တက်ရောက်စဉ်။** သတင်းစဉ်

၂၅-၈-၂၀၁၉ ရက်နေ့တွင် AIPA Executive Committee Meeting သို့ မြန်မာပါလီမန်၏ Executive Committee အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းတို့နှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းလွင်၊ ဗန်ကောက်မြို့ မြန်မာသံရုံးမှ သံအမတ် ဒေါ်အိအိတင်နှင့် မြန်မာ AIPA National Secretariat မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**အာဆီယံအဖွဲ့အနေဖြင့် အကူအညီပေးလို**

နိုင်ငံရေးရာကော်မတီ (Committee on Political Matters) တွင် ဆွေးနွေးရန် တင်သွင်းထားသော အဆိုမူကြမ်း ရှစ်ခုအနက် အင်ဒိုနီးရှားပါလီမန်မှ တင်သွင်းသည့် အဆိုမူကြမ်း "Draft Resolution on Responding to the Humanitarian Crisis of the Rohingya People (Item no. 8)" နှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ မြန်မာပါလီမန်မှ ယင်းအဆိုမူကြမ်းသည် နိုင်ငံတစ်ခုတည်းကို ပစ်မှတ်ထားတင်သွင်းသည့် အဆိုမူကြမ်း (Country Specific Resolution ) ဖြစ်ခြင်း၊ အဆိုမူကြမ်းတွင်ပါဝင်သော အကြောင်းအရာများသည် အင်ဒိုနီးရှားနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံး၊ The ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) တို့ အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဖြစ်ပေါ်တိုးတက်လျက်ရှိသည့် ရလဒ်များ၊ အခြေအနေများကို မျက်ကွယ်ပြုရာရောက်သည့်အပြင် ရှုပ်ထွေးနက်နဲသော ထိလွယ်ရှလွယ်အရေးကိစ္စကို ဖြေရှင်းဆောင်ရွက်ရာတွင် တစ်ဖက်သတ် ပုတ်ခတ်စွပ်စွဲချက်များသာပါဝင်သော အဆိုကို အတည်ပြုခြင်းက မည်သို့မျှ အထောက်အပံ့ဖြစ်စေမည်မဟုတ်ခြင်းတို့ကြောင့် ကန့်ကွက်ပါကြောင်း၊ အပြုသဘောဆောင်သည့် ဆွေးနွေးဝေဖန်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုပါကြောင်း ဆွေးနွေးခဲ့ရာ ကျန်အဖွဲ့ဝင်ပါလီမန် ၈ ရပ်မှ မြန်မာပါလီမန်၏ သဘောထားကိုလက်ခံကာ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းသည့် အဆိုမူကြမ်းသည် လက်ရှိအခြေအနေအရ လိုအပ်မှုမရှိကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ပြီး Committee on Political Matters အစည်းအဝေးတွင် ဆွေးနွေးရန် တင်သွင်းသည့် အဆိုမူကြမ်း ရှစ်ခုအနက် အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းသည့် အမှတ်စဉ် ၈ အဆိုမူကြမ်းကို ချန်လှပ်၍ အဆိုမူကြမ်း ခုနစ်ခု (အမှတ်စဉ် ၁ မှ ၇ အထိ) ကို အတည်ပြုရန် အကြံပြုခဲ့ပါကြောင်း၊ ယင်းအချက်ကို AIPA Executive Committee Meeting ၏ သဘာပတိနှင့် AIPA ဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Chuan Leekpai က လက်ခံခဲ့သော်လည်း အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ၎င်းတို့တင်သွင်းသည့် အဆိုမူကြမ်းကို တင်သွင်းဆွေးနွေးခွင့်မပြုပါက နိုင်ငံရေးရာကော်မတီအစည်းအဝေး (Committee on Political Matters) ဆောင်ရွက်မည်ကို လက်မခံနိုင်ကြောင်း (Consensus) မပေးနိုင်ကြောင်း အကျပ်ကိုင်ပြောကြားခဲ့သဖြင့် အဖွဲ့ဝင်ပါလီမန်များအားလုံး၏ သဘောတူညီချက် (Consensus) မရနိုင်သည့် ကိစ္စရပ်များကို ဆုံးဖြတ်ခြင်းမပြုရဟူသည့် AIPA Statutes တွင် ပြဋ္ဌာန်းထားချက်အရ ယခင်နှစ်ကကဲ့သို့ပင် နိုင်ငံရေးရာ ကော်မတီအစည်းအဝေးကို ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ AIPA အမှုဆောင်ကော်မတီအစည်းအဝေး (AIPA Executive Committee Meeting) တွင် AIPA အဖွဲ့ဝင် ကိုးနိုင်ငံအနက် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ရှစ်နိုင်ငံကထောက်ခံခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပွားသည့် အကျပ်အတည်းနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့အနေဖြင့် အကူအညီပေးလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

**သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်**

ထို့ပြင် Organizational Matters ကော်မတီအစည်းအဝေး၌ အင်ဒိုနီးရှားနိုင်ငံမှတင်သွင်းသော အဆိုမူကြမ်းဖြစ်သည့် "Draft Resolution on Amendment of the Statutes of ASEAN Inter-Parliamentary Assembly" ကို ဆွေးနွေးခဲ့ရာ AIPA Statutes Article 9.7 ပြဋ္ဌာန်းချက်ဖြစ်သော "အကြောင်းအရာများအားလုံးနှင့် စပ်လျဉ်း၍ အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်ပါလီမန်အားလုံး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။ အဖွဲ့ဝင်ပါလီမန်အားလုံး၏ သဘောတူညီချက်မရနိုင်သည့် ကိစ္စရပ်များကို ဆုံးဖြတ်ခြင်းမပြုရ" အစား "အဖွဲ့ဝင်ပါလီမန်များအားလုံး၏ သဘောတူညီချက်မရနိုင်သည့် ကိစ္စရပ်များကို သုံးပုံနှစ်ပုံ ဆန္ဒမဲဖြင့် ဆုံးဖြတ်မည့်နည်းလမ်း" ဖြင့် အစားထိုးပြင်ဆင်ရန်ဟူသည့် အဆိုပြုချက်ကို AIPA အဖွဲ့ဝင် ကိုးနိုင်ငံစလုံးမှ မထောက်ခံသဖြင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၎င်းတို့အဆိုကို ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။

အာဆီယံပါလီမန်များညီလာခံ၏ ကော်မတီအစည်းအဝေးများဖြစ်သော Committee on WAIPA တွင် အဆိုမူကြမ်း နှစ်ခု၊ Committee on Economic Matters တွင် အဆိုမူကြမ်း လေးခု၊ Committee on Social Matters တွင် အဆိုမူကြမ်း ခြောက်ခုနှင့် Committee on Organizational Matters တွင် အဆိုမူကြမ်း ၁၇ ခု တို့ကို အတည်ပြုနိုင်ခဲ့သဖြင့် စုစုပေါင်း အဆိုမူကြမ်း ၂၅ ခုကို အကြိမ်(၄၀)မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ( The 40th AIPA General Assembly)က အတည်ပြုချမှတ်နိုင်ခဲ့ပြီး Committee on Political Matters အစည်းအဝေးကိုမူ ကျင်းပနိုင်ခဲ့ခြင်းမရှိပါ။

**(၄၁)ကြိမ်မြောက် ညီလာခံကို ဗီယက်နမ်နိုင်ငံ၌ ကျင်းပသွားမည်**

အာဆီယံပါလီမန်များညီလာခံ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဗီယက်နမ်လွှတ်တော်ဥက္ကဋ္ဌမှ လွှဲပြောင်းရယူခဲ့ရာ (၄၁) ကြိမ်မြောက် အထွေထွေညီလာခံကို ဗီယက်နမ်နိုင်ငံ Ha Long City ၌ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

AIPA အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ဗီယက်နမ်နိုင်ငံမှ Hon. Nguyen Tuong Van အား လွှဲပြောင်းခန့်အပ်ခဲ့ပြီး ၎င်းအနေဖြင့် AIPA အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထမ်းဆောင်မည် ဖြစ်သည်။

လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ ယမန်နေ့ ၃၀-၈-၂၀၁၉ ရက်နေ့ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဂျင်ဆင်းမြေမှာ ပန်းပိတောက်တွေဝေ

သတိုးလွင် (ပထဝီဝင်)

**"တစ်ယောက်တစ်နေရာစီဝေးရာ ... ပိတောက်နဲ့ ချယ်ရီမြေမှာ ..." သီချင်းစာသားအတိုင်း ပိတောက်မြေအမိမြန်မာပြည်သို့ ချယ်ရီပန်းများပွင့်လန်းရာ အရှေ့ဖျားမှ ခရီးသွားဧည့်သည်များ လာရောက်စေရန် ယမန်နှစ်မှစ၍ အရှေ့မျှော်ဝါဒ ( Look East Policy) ကျင့်သုံးခဲ့သည် မဟုတ်ပါလား။**

**၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ဦးဆောင်ကာ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် အာဆီယံနိုင်ငံများနှင့် ဥရောပနိုင်ငံများမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်နိုင်စေရေးအတွက် Tourism Promotion များ လုပ်ဆောင်နိုင်ရန်အတွက် ကော်မတီ ခြောက်ခု ဖွဲ့စည်းခဲ့ပါသည်။**



စာရေးသူသည်လည်း မြန်မာ-ကိုရီးယား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့၏ ခေါင်းဆောင်အဖြစ် တာဝန်ပေးခြင်းခံရပါသည်။ နိုင်ငံများစွာမဟုတ်ဘဲ ကိုရီးယားတစ်နိုင်ငံတည်းကိုသာ တာဝန်ပေးခြင်းခံရသဖြင့် အနည်းငယ် စိတ်သက်သာရာရခဲ့ပြီး ကိုရီးယားဈေးကွက်ကို အဓိကလုပ်ဆောင်နေသည့် ခရီးသွားကုမ္ပဏီများအဖွဲ့ဝင်အဖြစ် ပါဝင်နေခြင်းကလည်း စာရေးသူအဖို့ အားအင်တစ်ခုဖြစ်ထွန်းစေခဲ့သည်။

**ဘူဆန်ခရီးသွားပွဲမှအစ**

" Train To Busan " ဆိုတဲ့ နာမည်ကျော် ကိုရီးယားရုပ်ရှင် သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်း ကြည့်ခဲ့ဖူးပါသည်။ ဘူဆန်ကိုလည်း ၂၀၁၆ ခန့်က စာရေးသူ တစ်ခေါက်ရောက်ခဲ့ဖူးသည်။ ဘူဆန်သည် ရုပ်ရှင်ပွဲတော်ကျင်းပရာ၊ ရုပ်ရှင်ထုတ်လုပ်ရာ ကိုရီးယားဟောလိဝုဒ်လို့ဆိုရင် မမှားနိုင်ပါ။ ယခုတစ်ဖန် ဘူဆန်နိုင်ငံတကာခရီးသွားပြပွဲ (Busan International Travel Industry Fair) သို့ မြန်မာနိုင်ငံပြခန်း ပြသရန်အချိန် နှစ်ပတ်ခန့်အလိုမှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက မိမိတို့အဖွဲ့ထံ အကြောင်းကြားခဲ့ပါသည်။ ရသည့်အချိန်၊ ရသည့်ဘတ်ဂျက် (အမေရိကန်ဒေါ်လာ ၃၀၀၀) နှင့် မိမိတို့အနေဖြင့် တခမ်းတနား ပြသရန်မှာ မလွယ်ကူလှပါ။ သို့သော် မိမိကိုယုံကြည်မှုတစ်ခုဖြင့် တာဝန်ပေးပြီဆိုတော့လည်း ရှိသည့်အရင်းအမြစ်များဖြင့် ရအောင်ကြိုးပမ်းခဲ့ကြရာ မြန်မာပြခန်းအနေဖြင့် The Best Tourism Publicity Award ဆု ရရှိခဲ့ပါသည်။

ဖြစ်မြောက်အောင် စွမ်းဆောင်ပေးခဲ့သော UMTA မှ ကိုစံလှဖုန်း၊ မြန်မာ-ကိုရီးယား ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အတွင်းရေးမှူး ကိုသူရိန်စိုးမြင့်တို့နှင့် နောက်တန်းမှ ပံ့ပိုးကူညီခဲ့သူအားလုံးကို ဂုဏ်ယူစွာ ကျေးဇူးတင်မိခဲ့သည်။

**ဗီဇာကင်းလွတ်ခွင့် ကြိုးပမ်းမှု**

၂၀၁၈ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဂျပန်၊ ကိုရီးယား၊ မကာအို၊ ဟောင်ကောင်တို့ကို ဗီဇာကင်းလွတ်ပေးရန်ကိစ္စကို ဘူဆန်ပြပွဲတွင် စတင်အသိပေးကြေညာနိုင်ခဲ့သည်။ ဒေသခံ ကိုရီးယားပညာတော်သင် မြန်မာကျောင်းသားကျောင်းသူများ၊ ဘူဆန်ရှိ မြန်မာဘုန်းကြီးကျောင်းနှင့် ဘူဆန်ရှိမြန်မာအလုပ်သမားများက ပြပွဲတွင် လာရောက်ကူညီခဲ့သဖြင့် "မြန်မာ" ဆိုတာ ပိုသိခဲ့ပြီး သွားချင်ရင် ဗီဇာမလိုဟု ခေါင်းထဲစွဲသွားနိုင်ရန် ကိုရီးယားဘာသာစကားဖြင့် သတင်းစကားပါးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဆိုးလ်မြို့တွင် ကျင်းပခဲ့သော Seoul UNWTO အစည်းအဝေးပွဲသို့ စာရေးသူနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးတို့ တက်ရောက်ခဲ့သည်။ ထိုပွဲတွင် ခရီးသွားလုပ်ငန်းဖိုရမ်၌ ခရီးသွားဗီဇာကင်းလွတ်ခွင့်ပြုကြောင်း အခါအခွင့်သင့်တုန်း ကြေညာပြောဆိုနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ကိုရီးယားခရီးစဉ်ဝင်ရောက်မှုအရေအတွက်ထက် ၂၀၁၈ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းကျော်အထိ ထူးခြားစွာ တိုးတက်လာခဲ့သည်။ ၂၀၁၉ နှစ်ဆန်းပိုင်းတွင် ၂၀၁၈ ဝင်ရောက်မှုနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံသို့ဝင်ရောက်မှု တစ်စတစ်စတိုးတက်လာခဲ့သည်။ ပျမ်းမျှ လစဉ် ၉၀ ရာခိုင်နှုန်းခန့် ဝင်ရောက်မှု တိုးတက်လာခဲ့သည်။ ထို့အတွက် ရှေ့ဆက်လုပ်ရန် လုပ်ငန်းစဉ်မှာ လမ်းပြမြေပုံကို နှစ်ဖက်နိုင်ငံ သံတမန်များ ပူးပေါင်းကူညီမှုဖြင့် ဗီဇာကင်းလွတ်ခွင့်ပြုသည့်နေ့မှ ကိုရီးယားနေ့ ၉-၃-၂၀၁၉ ရက်နေ့နှင့် မြန်မာညနေခင်းပြပွဲအထိ ဆက်တိုက်ကြိုးပမ်းဆောင်ရွက်မှုများမှာ မှတ်တိုင်တစ်ခုပင်တည်း။

**အောက်တိုဘာလ ၁ ရက်နေ့ အမှတ်တရများ**

ရန်ကုန်မင်္ဂလာဒုံလေဆိပ်တွင် နံနက်မိုးလင်းကတည်းက ပြည်ပဆိုက်ရောက်ခန်းမတစ်ခုလုံး ပျားပန်းခပ်မျှ လှုပ်ရှားလျက်ရှိသည်။ ကျောက်ဆည်ဆင်အကအဖွဲ့များ၊ ပန်းကုံးဖြင့်ကြိုမည့် လုံမပျိုဖြူများ၊ ဌာနဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သံတမန်များအပါအဝင် ခရီးသွားလုပ်ငန်းဝိုင်းတော်သားများဖြင့် အထူးစည်ကားလျက်ရှိသည်။ နံနက် ၁၀ နာရီခန့်တွင် တရုတ်နိုင်ငံမှ လေယာဉ်တစ်စင်း စတင်ဆိုက်ရောက်လာပြီး ကြိုဆိုပြီးနောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ပထမဆုံးလာရောက်သော တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည်များကို စံပယ်ပန်းကုံး၊ မြန်မာ့ရိုးရာ စောင်းကောက်လက်ဆောင်ပစ္စည်းများဖြင့် ကြိုဆိုကြသည်။

ထိုနေ့ကား ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ ကိုရီးယား၊ ဂျပန်၊ မကာအို၊ ဟောင်ကောင်တို့မှ ဧည့်သည်များကို ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးပြီး တရုတ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ ဆိုက်ရောက်ဗီဇာ စတင်ပေးအပ်သောနေ့ဖြစ်လေသည်။

လေဆိပ်ရှိ Aero Drone အဖွဲ့ကလည်း လေဆိပ်စားသောက်ဆိုင်တွင် နေ့လယ်စာဘူဖေးဖြင့် ဧည့်ခံခဲ့သည်။ ညနေ ၃ နာရီတွင် ဂျပန်လေကြောင်း ANA ဆိုက်ရောက်ခဲ့ရာ ဂျပန်ခရီးသည် ၁၀၀ ကျော် ဗီဇာကင်းလွတ်ခွင့် စတင်ပေးခဲ့ပြီး ဂျပန်ဒီဇိုင်းပညာရှင်၏ Myanmar Be Enchanted Mascot ဇီးကွက်ရုပ်ပေးအပ်ခဲ့ပါသည်။ ည ၁၀ နာရီခန့်တွင် ကိုရီးယားလေကြောင်းလိုင်းဖြင့် ခရီးသည် ၂၀၀ ခန့် ပါဝင်ပြီး ဗီဇာကင်းလွတ်ခွင့်ပေးခဲ့သည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကိုရီးယားသံအမတ်ကြီးတို့ ကိုယ်တိုင်ညဉ့်နက်သည်အထိ လာရောက်အားပေးကြိုဆိုခဲ့သည်။ "အမှတ်တရ အောက်တိုဘာလ ၁ ရက်" နေ့ပင်ဖြစ်ပါလေတကား။

**အာဆီယံရိုးရာအစားအစာပွဲတော်**

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့၊ ကိုရီးယား၌ ဆောင်းဦးရွက်ကြွေ နှင်းရန့်လေပြည်လေအေးတိုက်ခတ်စဉ်ကာလ ဆိုးလ်မြို့သို့ တစ်ခေါက်ရောက်ခဲ့ပြန်လေပြီ။ ဒီတစ်ခေါက်တော့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်အား ASEAN Korea Center (AKC) ၏ အတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Lee Hyuk ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အာဆီယံရိုးရာအစားအသောက်ပြပွဲ ပြိုင်ပွဲသို့တက်ရောက်ရန် လာခဲ့ခြင်းဖြစ်သည်။ စာရေးသူတို့အဖွဲ့ ဆိုလ်းမြို့ရှိ Lotte Hotel တွင် တည်းခိုပြီး ASEAN Korea Center Culinary Festival ပြခန်းနေရာသို့ ရောက်ရှိခဲ့ပါသည်။ အာဆီယံနိုင်ငံအလိုက် ခေါက်ဆွဲအခြေခံအစားအစာ၊ အချိုပွဲ (ရိုးရာမုန့်) နှင့် မြန်မာ့လက်ဖက်ရည်တို့ဖြင့် ဧည့်ခံခဲ့ပါသည်။ မြန်မာပြခန်း၌ ကိုရီးယားနိုင်ငံတွင် ဖွင့်လှစ်ထားသော အင်းဝမြန်မာစားသောက်ဆိုင်ပိုင်ရှင် ဦးဝိုင်းနှင့် ဒေါ်ခင်ဝင်းမြင့်တို့အဖွဲ့ကလည်း နန်းကြီးသုပ်နှင့် ရွှေကျီဆနွင်းမကင်း ချက်ပြုတ်ပြင်ဆင်ကျွေးမွေးခဲ့ပါသည်။ အာဆီယံနိုင်ငံအလိုက် ရိုးရာအကအလှုများဖြင့် ဖျော်ဖြေပေးမည့် မြန်မာနိုင်ငံမှ ရိုးရာအကကိုမူ စိုးစဉ်းမျှ မတွေ့ရပါ။ မလေးရှားနှင့် ကိုရီးယားစားဖိုမှူး နှစ်ဦး အပြန်အလှန်စကားပြောကာ စင်မြင့်ထက်တွင် ၎င်းတို့နိုင်ငံ၏ ရိုးရာအစားအသောက်များအကြောင်းကို ဖော်ပြရင်း ခရီးသွားမြှင့်တင်ရေးကို ထိရောက်စွာပြုလုပ်နိုင်ခဲ့သည်။ ကိုရီးယား K-Pop အကသာမက မြောင်ဒုံးရပ်ကွက် Nanta ဒန်အိုးခွက်ဖြင့် အော်ပရာဖျော်ဖြေမှုများသည်လည်း ကမ္ဘာကျော်စေခဲ့ပါသည် ။ စာရေးသူတို့အဖွဲ့ ဆိုးလ်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော Korea House ကပွဲပဒေသာသို့ သွားရောက်ခဲ့ကြပြီး ထိုစဉ်က မြန်မာသံအမတ်ကြီး သူရသက်ဦးမောင်၏ စိတ်စေတနာဖြင့် ကူညီဆောင်ရွက်ပေးမှုကိုလည်း အထူးကျေးဇူးတင်ရှိအပ်ပါသည်။

**ရန်ကုန်ရောက် ကိုရီးယားနေ့**

1st Korea Day 2019 ကို ကျင်းပရန်အတွက် ရန်ကုန်မြို့ရှိ ကိုရီးယားသံရုံးနှင့် အခြားကိုရီးယားအဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ ဆွေးနွေးခဲ့ကြရသည်။ မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်လာစေရန်၊ နှစ်နိုင်ငံစီးပွားရေးရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများ ပိုမိုရရှိလာစေရန်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ခရီးသွားလုပ်ငန်းသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သောလုပ်ငန်းဖြစ်သည်ကို သိရှိစေရန် ရည်ရွယ်ပြီး 1st Korea Day 2019 ကို ရန်ကုန်မြို့ Lotte Hotel တွင် မတ်လ ၉ ရက်နေ့နှင့် ၁၀ ရက်နေ့ နှစ်ရက်တာ ကျင်းပပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Sang Hwa နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ရိုးရာစည်တော်များတီးခတ်ကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပါသည်။ ကိုရီးယားနိုင်ငံ Cover Dance ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော Project K အဖွဲ့က အဖွင့်အကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး Ha Ha Travel Tour မှ သမီးငယ်လေးများ၏ ကူညီမှုနှင့်အတူ မိမိတို့ကော်မတီအတွင်းရေးမှူးအဖွဲ့တို့ကလည်း နှစ်နိုင်ငံချစ်ကြည်ရေးအကဖြင့် ပူးပေါင်းဖျော်ဖြေ တင်ဆက်နိုင်ခဲ့သည်။

လူပေါင်းရာချီလာရောက်ခဲ့ပြီး နှစ်နိုင်ငံအကြောင်း ပိုမိုသိရှိစေခဲ့သည်။ ထို့အပြင် ကိုရီးယား-မြန်မာ ခရီးစဉ်ဒေသ CBT လုပ်ငန်းစဉ်နှင့် Joint Promotion အလုပ်ရုံဆွေးနွေးပွဲကိုလည်း မွန်းလွဲပိုင်းတွင် ဆက်လက်ဆွေးနွေးနိုင်ခဲ့သည်။ ထိုသို့ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးမှုဖြင့် အဆိုပါပွဲသည်လည်း အခက်အခဲများကြားမှ အောင်မြင်ခဲ့လေသတည်း။ မိမိတို့ကော်မတီအနေဖြင့် ပထမဆုံးခြေလှမ်း စတင်နိုင်ခဲ့လေပြီ။

**ကိုရီးယားရောက် မြန်မာညနေခင်း**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ Coex တွင် ဇွန်လ ၆ ရက်နေ့မှ ၉ ရက်နေ့အထိ KOTFA မှ ကျင်းပပြုလုပ်ခဲ့သော Seoul International Tourism Industry Fair 2019 (SITIF) ပြပွဲသို့ စာရေးသူဦးဆောင်ပြီး ခရီးသွားလုပ်ငန်းရှင်သုံးဦး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဝန်ထမ်းတစ်ဦးနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းမှ တစ်ဦးဖြင့် သွားရောက်ပြသခဲ့ပါသည်။ အဆိုပါခရီးသွားပြပွဲသို့ နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ခရီးသွားဆိုင်ရာပြခန်းပေါင်း ၁၀၀ ကျော်နှင့် တောင်ကိုရီးယားနိုင်ငံပြည်နယ်များ ခရီးသွားဆိုင်ရာပြခန်း ၁၀၀ ကျော်ပါဝင်ပြသခဲ့သည်။

မြန်မာညနေခင်းအစီအစဉ်ကို ၈-၆-၂၀၁၉ ရက်နေ့ စနေနေ့ ညနေ ၄ နာရီမှ ၆ နာရီအထိ COEX ခန်းမရှိ Main Stage စင်မြင့်တွင် ညနေ ၄ နာရီမှ ၅ နာရီအထိ မြန်မာ့ရိုးရာအကလေးမျိုးဖြင့် ဖျော်ဖြေတင်ဆက်ကာ ဖွင့်လှစ်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ကိုရီးယား၊ မြန်မာခရီးသွားလုပ်ငန်းရှင်များ၊ သတင်းမီဒီယာနှင့် ကိုရီးယားရောက်မြန်မာမိသားစုများ ၂၀၀ ခန့်တက်ရောက်ခဲ့ကြပါသည်။

ညနေ ၅ နာရီမှ ၆ နာရီအထိ မြန်မာပြခန်းတွင် ရိုးရာအစားအသောက်များဖြစ်သော အင်းလေးငါးထမင်းနယ်၊ ရှမ်းတိုဟူးကြော်၊ မန်းရွှေကျီ ငှက်ပျောသီးဆနွင်းမကင်း၊ မုံ့ရှာမြေပဲကြော်၊ ပုဂံမန်ကျည်းတော်ဖီနှင့် Royal Myanmar Tea Mix ၊ မြန်မာဘီယာတို့ကိုလည်း ကိုရီးယားတို့ အရသာကြိုက်နှစ်သက်ခဲ့ကြသည်။ ထိုသို့တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပြီး မြန်မာတိုင်းရင်းသားရိုးရာ လက်ဆောင်များအား ပေးဝေခဲ့ပါသည်။

မြန်မာညနေခင်းကျင်းပပြီး နောက်တစ်နေ့တွင် ကိုရီးယားပြည်သူများအတွက် ဝင်ခွင့်ပေးသော Public Day ဖြစ်သဖြင့် မြန်မာပြခန်းသို့ အုံးအုံးကျွတ်ကျွတ် လာရောက်မေးမြန်းကာ သတင်းအချက်အလက်များယူပြီး ရုပ်သံနှင့် မီဒီယာများကလည်း သတင်းအင်တာဗျူးများ ရယူကြသည်ကို တွေ့ရပါသည်။ ၉-၆-၂၀၁၉ ရက်နေ့ ညနေ ၅ နာရီတွင် မြန်မာပြခန်းအတွက် အသိအမှတ်ပြုဆုလက်ခံပေးရန် KOTFA Event Organizer Team မှ အကြောင်းကြားလာသဖြင့် ပြခန်းပေါင်း ၁၀၀ ကျော်ရှိပြီး နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ပြခန်းများအပေါ် စိစစ်ရွေးချယ်ကာ အကောင်းဆုံးယဉ်ကျေးမှု ဖျော်ဖြေတင်ဆက်မှုဆု ပထမ၊ ဒုတိယ၊ တတိယ ဆုပေါင်း ၁၂ ဆုချီးမြှင့်ရာတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းမှ အကောင်းဆုံးခရီးစဉ်ဒေသမြှင့်တင်နိုင်မှုပြခန်း ဒုတိယကို ရရှိခဲ့ပါသည်။ ပထမဆုကို အင်ဒိုနီးရှားနိုင်ငံ (ဘာလီကျွန်း)၊ တတိယဆုကို တာ့ခ်မင်နစ္စတန်နိုင်ငံတို့က ရရှိခဲ့ပါသည်။

**ဂျင်ဆင်းမြေမှာ ပန်းပိတောက်တွေဝေ**

မြန်မာညနေခင်းကျင်းပရာ မြန်မာပြည်နှင့် သင်္ကြန်အကဖျော်ဖြေရာတွင် ပန်းပိတောက်များနှင့် တန်ဆာဆင်ခဲ့ရာ ဂျင်ဆင်းမြေမှ ကိုရီးယားတို့အတွက် အထူးတဆန်းဖြစ်စေခဲ့သည်။ မြန်မာ့ရိုးရာအစားအသောက်များလည်း နှစ်သက်ခဲ့ပြီး ကိုရီးယားနာမည်ကြီးရုပ်သံများတွင်လည်း မြန်မာအကြောင်း သတင်းမွှေးခဲ့သည်။ ယခုအခါ မြန်မာ-ကိုရီးယား ဒရမ်မာရုပ်ရှင် "A Flower Above The Clouds" ကားကို ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးပြီး မြန်မာ-ကိုရီးယားမင်းသား၊ မင်းသမီးများလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရှိရသည်။ Korea Day မှ အစပြုကာ မြန်မာညနေခင်းအထိ ဂျင်ဆင်းမြေမှာ ပန်းပိတောက်တွေ ဝေခဲ့လေပြီ။ မကြာခင် ကိုရီးယားမှ ကမ္ဘာလှည့်ခရီးစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဝင်လာမစဲ တသဲသဲ ရှိလာတော့မည်ဆိုလျှင် စာရေးသူတို့ မြန်မာ-ကိုရီးယားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့၏ ကြိုးပမ်းမှုမှတ်တိုင်တစ်ခုအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရကျိုးနပ်ပေလိမ့်မည်ဟု မှတ်တမ်းပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**"မြန်မာညနေခင်းကျင်းပရာ မြန်မာပြည်နှင့် သင်္ကြန်အကဖျော်ဖြေရာတွင် ပန်းပိတောက်များနှင့် တန်ဆာဆင်ခဲ့ရာ ဂျင်ဆင်းမြေမှ ကိုရီးယားတို့အတွက် အထူးတဆန်းဖြစ်စေခဲ့သည်။ မြန်မာ့ရိုးရာအစားအသောက်များလည်း နှစ်သက်ခဲ့ပြီး ကိုရီးယားနာမည်ကြီးရုပ်သံများတွင်လည်း မြန်မာအကြောင်း သတင်းမွှေးခဲ့သည်။ ယခုအခါ မြန်မာ-ကိုရီးယား ဒရမ်မာရုပ်ရှင် "A Flower Above The Clouds" ကားကို ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးပြီး မြန်မာ-ကိုရီးယားမင်းသား၊ မင်းသမီးများလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရှိရသည်။ Korea Day မှ အစပြုကာ မြန်မာညနေခင်းအထိ ဂျင်ဆင်းမြေမှာ ပန်းပိတောက်တွေ ဝေခဲ့လေပြီ"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တီမောလက်စ်တေနိုင်ငံဝန်ကြီးချုပ်အား သွားရောက်တွေ့ဆုံနှုတ်ဆက်

**ဒီလီ ဩဂုတ် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် တီမောလက်စ်တေနိုင်ငံ မြို့တော်ဒီလီရှိ အစိုးရအိမ်တော်၌ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Taur Matan Ruak အား သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီးသည် တီမောလက်စ်တေနိုင်ငံ ဒီလီမြို့၌ ဩဂုတ် ၃၀ ရက်က ကျင်းပသည့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိစဉ် သီးခြားတွေ့ဆုံနှုတ်ဆက်ခြင်းဖြစ်သည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံနှုတ်ဆက်စဉ် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ)သို့ တီမောလက်စ်တေနိုင်ငံ ဝင်ရောက်ခွင့်ရရှိရေး ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံမှ ထောက်ခံကူညီပံ့ပိုးပေးစေလိုမှု၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်လိုမှုနှင့် တီမောလက်စ်တေနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဘိလပ်မြေနှင့် ကော်ဖီထုတ်လုပ်တင်ပို့မှုစသည့် အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် တီမောလက်စ်တေနိုင်ငံ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အင်ဒိုနီးရှားနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဒေါ်ငြိမ်းအိဖြူတို့ တက်ရောက်ကြပြီး တီမောလက်စ်တေနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဝန်ကြီးချုပ်ရုံးမှ ရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Taur Matan Ruak နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၁**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ မြန်မာနိုင်ငံအတွင်းရှိ သဘာဝဘေးအန္တရာယ် ကျရောက်ခံစားခဲ့ရသော ဒေသများအတွင်းရှိ ဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေများနှင့် ပစ္စည်းများကို လက်ခံသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

မြန်မာနိုင်ငံအတွင်းရှိ သဘာဝဘေးအန္တရာယ် ကျရောက်ခံစားခဲ့ရသော ဒေသများအတွင်းရှိ ဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Myanmar Media 7 နှင့် အနုပညာရှင်များ စီစဉ်ကျင်းပသည့် ဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲ ရန်ပုံငွေမှ ငွေကျပ်သိန်း ၅၆၀ နှင့် Skynet စက်နှစ်စုံ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး( ဗဟို) မှ ငွေကျပ် ၅၈ သိန်း၊ AEON အဖွဲ့ငါးဖွဲ့မှ အမေရိကန် ဒေါ်လာ ၃၅၀၀၀၊ UEHRD (ရန်ကုန်ရုံးခွဲ)မှ ငွေကျပ် ၃၉ သိန်း၊ မန်နေဂျင်းဒါရိုက်တာ သုခမ္မသိဂီဒေါ်အေးစန္ဒာနှင့် ဝန်ထမ်းမိသားစုများမှ ငွေကျပ်သိန်း ၃၀၊ အ.ထ.က (၂) မင်္ဂလာဒုံကျောင်းအုပ်ချုပ်ရေးတာဝန်ခံအရာရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းမိသားစုများမှ ငွေကျပ်ခြောက်သိန်းနှင့် ရွှေရောင်သမိုင်း အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်းက ငွေကျပ် တစ်သိန်းလေးသောင်းတန်ဖိုးရှိ လူအသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**စိစစ်သုံးစွဲသွားမည်ဖြစ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဘေးသင့်ဒေသရှိ ပြည်သူများအတွက် ကူညီထောက်ပံ့မှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရန်ပုံငွေသို့ တိုက်ရိုက်ထည့်ဝင်၍ လိုအပ်သော ပြည်သူများအတွက် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရန် ကိစ္စများတွင် စိစစ်သုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အလှူရှင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ခေတ်မီမော်တာအထည်ချုပ်စက် အမှတ်စဉ် (၂၃) သင်တန်းဆင်း သင်တန်းသူ ၁၀၀ ကို အလုပ်အကိုင်တစ်ပါတည်းပေးအပ်

**ရန်ကုန် ဩဂုတ် ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်က တိုင်းရင်းသူအမျိုးသမီးငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၅ ကျောင်းတွင် အိမ်တွင်းမှုပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ အခြေခံအိမ်တွင်းမှုစက်ချုပ်သင်တန်းနှင့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအောင်မြင်ပြီးသည့် သင်တန်းသူ ၈၆၅၆၀ အနက် ၂၆၂၇ ဦးကို ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများ သင်ကြားပေးခဲ့ပြီး ရန်ကုန်အထည်ချုပ်စက်ရုံ ၂၉ ရုံ၌ ၂၅၄၄ ဦး ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း။

ယခုသင်တန်းတွင် တိုင်းရင်းသူ ၁၀၀ အား ဩဂုတ် ၅ ရက်မှ ၃၀ ရက်အထိ အခမဲ့လေ့ကျင့်သင်ကြားပေးပြီး မြန်မာနိုင်ငံလုပ်သားကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ တာဝန်ရှိသူများက လာရောက်စစ်ဆေး၍ ကျွမ်းကျင်မှုလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် အထည်ချုပ်စက်ရုံလုပ်ငန်းရှင်များက ကိုယ်တိုင်လာရောက်၍ သင်တန်းသူများ၏ လုပ်ငန်းကျွမ်းကျင်မှုကိုစစ်ဆေးပြီး သင်တန်းသူ ၁၀၀ ကို အထည်ချုပ်စက်ရုံသုံးရုံ၌ လုပ်ငန်းတာဝန်များ ခန့်အပ်ပေးခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်က ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းဆင်းတိုင်းရင်းသူများကို လွှဲပြောင်းအပ်နှံပေးသည်။ ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားအသိမှတ်ပြုကတ်ပြားများအား သင်တန်းဆင်းတိုင်းရင်းသူများထံ ပေးအပ်ပြီး အထည်ချုပ်စက်ရုံများမှ သင်တန်းဆင်းတိုင်းရင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် သင်တန်းဆင်းတိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်**

**နေပြည်တော် ဩဂုတ် ၃၁**-မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၀.၆ ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

❖ *ကျော်ဖုံးမှ*

အပြစ်မဲ့အရပ်သား ပြည်သူများနှင့် အရပ်ဘက်ပစ်မှတ်များကို ပစ်မှတ်ထားတိုက်ခိုက်နေမှုများ၊ လမ်း-တံတားများကို ဖျက်ဆီးတိုက်ခိုက်နေမှုများကြောင့် ပြည်သူများ၏ စီးပွားရေးဆိုင်ရာ ထိခိုက်မှုများ ကြုံနေရခြင်းတို့ကို အမြန်ဆုံးရပ်တန့်နိုင်ရန်အတွက် ဆွေးနွေးခဲ့ကြသည်။ နှစ်ဖက်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးရန်အတွက် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ပါဝင်လာနိုင်ရေးကိစ္စရပ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement)အဆိုပြုချက်များတွင် ပါဝင်သည့် တပ်နေရာချထားရေးကိစ္စရပ်များနှင့် တိုက်ပွဲများ ထပ်မံမဖြစ်ပွားစေရေးကိစ္စရပ်များ၊ နေရပ်စွန့်ခွာရသူ IDP များ အရေးကိစ္စရပ်များ၊ Bilateral Ceasefire Agreement-BCA လက်မှတ်ရေးထိုးရေးကိစ္စ၊ လက်မှတ်ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်မည့်အဆင့်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ပြန်လည်တွေ့ဆုံရန် သဘောတူညီ**

Bilateral Ceasefire Agreement လက်မှတ်ရေးထိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ စက်တင်ဘာ ၁၆ ၊ ၁၇ ရက်တွင် ပြန်လည်တွေ့ဆုံရန် သဘောတူညီခဲ့ကြပြီး နေရာရွေးချယ်မှုကိုမူ ပြန်လည်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။

ယနေ့ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးမိုးဇော်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦး ၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ငြိမ်းချမ်းရေးအကျိုးဆောင် ဦးသက်နိုင်တို့ တက်ရောက်ကြပြီး KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် KIO-အထွေထွေအတွင်းရေးမှူး ကွမ်ထပ်ထိန်နန်၊ MNTJP ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ရန်ဝင်ကျုံး၊ ULA ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ULA-အထွေထွေ အတွင်းရေးမှူး ဒေါက်တာညိုထွန်းအောင်နှင့် PSLF ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဥက္ကဋ္ဌ တာခူလန်းတို့ ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး လေ့လာသူအဖြစ် PCG (ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့)မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် ရှင်းလင်းဖြေကြားစဉ်။ ဓာတ်ပုံ - ဖိုးထောင်

**သုံးကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှု**

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် အဆိုပါ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း လေးဖွဲ့မှ ကိုယ်စားလှယ်များသည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်များနှင့် ပတ်သက်၍ ဇြေ ၃၀ ရက်တွင် မူဆယ်နှင့် ဇွန် ၃၀ တွင် မိုင်းလားတို့တွင် တွေ့ဆုံခဲ့ကြပြီး ယခုတွေ့ဆုံမှုသည် သုံးကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှု ဖြစ်သည်။

ယနေ့ကျင်းပသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် KIO၊ MNTJP၊ PSLF နှင့် ULA အဖွဲ့(၄)ဖွဲ့တို့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် အချက်(၆)ချက်ပါသည့် ပူးတွဲသတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

**သတင်းစာရှင်းလင်းပွဲပြုလုပ်**

တွေ့ဆုံဆွေးနွေးမှုများ အပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ယနေ့တွေ့ဆုံ ဆွေးနွေးမှုများနှင့် ပတ်သက်၍ ဦးဇော်ဌေးက "ကျွန်တော်တို့ ဒီနေ့ KIO, MNTJP, PSLF, ULA မြောက်ပိုင်းလေးဖွဲ့နဲ့ ဆွေးနွေးပါတယ်။ ဒီကနေ့ ဆွေးနွေးပွဲမှာ တော်တော်များများကို အကျေအလည် ဆွေးနွေးပါတယ်။ ပထမဆုံးအနေနဲ့ ဒီကနေ့ ကွတ်ခိုင်မှာ ဖြစ်ပွားခဲ့တဲ့ အပြစ်မဲ့အရပ်သားပြည်သူတွေ သေဆုံးမှုနဲ့ ပတ်သက်ပြီး အစိုးရဘက်က ရထားတဲ့ ကြေးနန်းတွေကို ချပြပြီး ဆွေးနွေးပါတယ်။ အဲဒီအပေါ်မှာ အငြင်းပွားမှုတွေလည်း ရှိပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဖြစ်စဉ်နဲ့ ပတ်သက်ပြီး NRPC အနေနဲ့ ဆွေးနွေးပါတယ်။

"တိုက်ပွဲနဲ့မဆိုင်တဲ့ အရပ်သားပြည်သူတွေသေဆုံးမှုနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဘက်က ဆွေးနွေးသလို EAOs တွေဘက်ကလည်း သူတို့ရဲ့ တောင်းဆိုချက်တွေ၊ ထင်မြင်ယူဆချက်တွေကို ပြန်ပြီးတော့ ဆွေးနွေးပါတယ်။ နောက်ဆုံး နှစ်ဖက်ဘယ်လိုဆက်သွားမလဲ။ ပထမဆုံးကတော့ လက်ရှိဖြစ်ပွားနေတဲ့ တိုက်ပွဲတွေ အမြန်ဆုံးရပ်တန့်နိုင်ရေး ဆွေးနွေးပါတယ်။

**နှစ်ဖက် ပူးတွဲသတင်းထုတ်ပြန်**

"နံပါတ်နှစ်အနေနဲ့ ပြည်သူတွေ အခုလို ဒုက္ခရောက်နေတဲ့ အနေအထားမှာ ခိုင်မာတဲ့ သဘောတူညီချက်ရဖို့ ဘယ်လိုလုပ်ကြမလဲဆိုတာ ဆွေးနွေးပါတယ်။ မိုင်းလားဆွေးနွေးပွဲမှာ အစိုးရရဲ့ အဆိုပြုချက်ကို ကျွန်တော်တို့ ပေးခဲ့သလို ဒီနေ့မှာ မြောက်ပိုင်းလေးဖွဲ့ရဲ့ အဆိုပြုချက်တွေ ကျွန်တော်တို့ကို ပြန်ပေးပါတယ်။ အဲ့ဒီအပေါ်မှာ ကျွန်တော်တို့က အစိုးရရဲ့ သဘောထားကို တစ်ချက်ချင်း ပြန်လည်ဆွေးနွေးပါတယ်။ ယေဘုယျအားဖြင့် တော်တော်များများ လက်ခံပြီး ကျန်တဲ့အပိုင်းတွေကို အသေးစိတ် ဆက်ပြီးဆွေးနွေးဖို့ ရှိပါတယ်။ ဒါကိုလည်း အမြန်ဆုံးဆွေးနွေးမယ်ဆိုပြီး နေ့ရက်တွေ သတ်မှတ်ခဲ့တာ ရှိပါတယ်။ နှစ်ဖက် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ယနေ့ ကွတ်ခိုင်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့် ပြည်ထောင်စုလမ်းမကြီး ပိတ်ဆို့မှုများသည် ဒေသခံပြည်သူများအပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူများအား သက်ရောက်မှု ကြီးမားစွာဖြစ်စေကြောင်း၊ ဆုံးရှုံးမှုကြီးမားကြောင်း၊ အဆိုပါ ဖြစ်စဉ်များအား အလေးအနက်ထား ဆောင်ရွက်ပေးစေလိုသည်ဟု အစိုးရကိုယ်စားလှယ်များဘက်မှ ဆွေးနွေးခဲ့ကြောင်း၊ အဆင့်လိုက်သွားမည့် အရာများကို နှစ်ဖက်ကိုယ်စားလှယ်များ ကျေကျေလည်လည် ဆွေးနွေးခဲ့ကြောင်း၊ လက်ရှိတိုက်ပွဲများကြားတွင် ပြုလုပ်ရသည့် ဆွေးနွေးပွဲများ ဖြစ်သောကြောင့် စိတ်ရင်းစေတနာထား၍ လုပ်ဆောင်ရန် လိုကြောင်းတို့ကို ဆွေးနွေးခဲ့ကြောင်း ဦးဇော်ဌေးက ပြောကြားသည်။

**ကျိုင်းတုံမှာ ဆွေးနွေးဖို့အဆိုပြု**

နှစ်ဖက်ကိုယ်စားလှယ်များ စက်တင်ဘာလတွင် ပြန်လည်တွေ့ဆုံကြမည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးမည့် နေရာနှင့် ပတ်သက်၍ "နေရာကိုတော့ EAOs တွေဘက်က ပန်ဆန်း ဒါမှမဟုတ် တရုတ်နိုင်ငံထဲက တစ်နေရာရာမှာတွေ့ဖို့ အဆိုပြုပါတယ်။ နောက်တစ်ကြိမ်တွေ့ဆုံတဲ့ အခါမှာ EAOs တွေဘက်က တောင်းဆိုတဲ့ တပ်မတော်ကိုယ်စားလှယ်တွေပါ ပါဝင်လာဖို့ဆိုတာကို ကျွန်တော်တို့က အသိအမှတ်ပြုတယ်။ ဒါကြောင့် တပ်မတော်ကိုယ်စားလှယ် သွားလာနိုင်တဲ့ ကျိုင်းတုံမှာပဲ ဆွေးနွေးဖို့ ကျွန်တော်တို့ ဘက်က အဆိုပြုပါတယ်။ EAOs တွေအနေနဲ့ မိုင်းလားကနေ ကျိုင်းတုံကိုလာရင် အဆင်ပြေတာကြောင့်ပါ။ နှစ်ဖက်လုံးရဲ့ အဆိုပြုချက်တွေကိုတော့ ယူသွားပါပြီ" ဟု ဦးဇော်ဌေးက ပြောသည်။

**အသေးစိတ်ဆက်သွားဖို့ရှိ**

ယခုကျင်းပသည့် ဆွေးနွေးမှုတွင် တပ်မတော်ကိုယ်စားလှယ်များ မပါဝင်သည့်အကြောင်းရင်း ဆွေးနွေးပွဲတွင် EAOs ဘက်မှ အဆိုပြုသည့် အချက်များနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဦးဇော်ဌေးက "တပ်ကိုယ်စားလှယ်ကတော့ ကျွန်တော်တို့ အခုဆွေးနွေးမယ့်အပိုင်းမှာ သဘောတူထားတယ်။ နောက်ဆွေးနွေးတဲ့အခါ တပ်နေရာချထားရေးကိစ္စရပ်တွေ၊ တိုက်ပွဲမဖြစ်ပွားရေးကိစ္စရပ်တွေအတွက် ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေထားမယ်ဆိုတာ ပါပါတယ်။ အရင်ဆွေးနွေးခဲ့တဲ့အခါမှာလည်း တပ်ကိုယ်စားလှယ် မပါပါဘူး။ အသေးစိတ်ဆွေးနွေးရမယ့်အခါကျရင် ပါပါမယ်။ EAOs အဆိုပြုချက်အနေနဲ့ နေရာနဲ့နောက် လက်ရှိဖြစ်နေတဲ့ တိုက်ပွဲကြားမှာ ဟိုဘက်ဒီဘက် ပြောကြားမှုတွေ ရှိတယ်။ ဒီပြောကြားမှုကိုတော့ ကျွန်တော်တို့ သိထားတဲ့အချက်တွေ ရှင်းပြပါတယ်။ အထူးသဖြင့် အရပ်သားပြည်သူတွေ သေဆုံးမှုအပေါ်မှာ ကျွန်တော်တို့ တော်တော်လေး ပြောပါတယ်။ နောက် EAOs တွေ ပြောကြားမှုက ဒီတစ်ဆင့်ပြီးရင် Bilateral သွားမယ်။ အဲဒီအခါကျရင် အသေးစိတ်သွားရမယ့်အရာတွေ ဆက်သွားဖို့ရှိပါတယ်"ဟု ဖြေကြားသည်။

**ဆွေးနွေးဖို့သဘောတူ**

တိုက်ပွဲလျှော့ချရေးနှင့်ပတ်သက်၍ လိုအပ်နေသည့်အဆင့်များနှင့် ပတ်သက်၍ မေးမြန်းရာတွင် "ဆွေးနွေးညှိနှိုင်းမှုရဲ့ သဘောတရားကတော့ လက်ရှိတိုက်ပွဲတွေ အမြန်ဆုံးရပ်ဖို့လိုတယ်။ တိုက်ပွဲမဖြစ်တော့ရင် အပစ်ရပ်မှု ခိုင်မာဖို့လိုတယ်။ တပ်ပိုင်းဆိုင်ရာ နေရာချထားရေးလိုတယ်။ လက်နက်ကိုင်ဖြစ်တဲ့အတွက် တိုက်ပွဲဖြစ်တဲ့ သဘောသဘာဝကတော့ ရှိမယ်။ အဲဒီအခါကျရင် ဘယ်လိုစည်းမျဉ်းစည်းကမ်းနဲ့ သတ်မှတ်ဖို့လုပ်မလဲဆိုတာ အသေးစိတ် ဆွေးနွေးရမယ်။ ဒါကြောင့် ဒီနေ့ အကြမ်းဖျင်း ဆွေးနွေးတဲ့အထဲမှာ ဒီအရာတွေကို ဆွေးနွေးဖို့ သဘောတူလိုက်ပြီ။ ဒါကို လေးဖွဲ့လုံးနဲ့ သဘောတူညီချက်လုပ်ဖို့ EAOs တွေဘက်က အဆိုပြုထားတယ်။ အဲဒီအဆိုပြုချက်ကို ကျွန်တော်တို့ ယူသွားမယ်။ ဟိုဘက်မှာ အစိုးရနဲ့ တပ်မတော်ကို ပြန်လည်ဆွေးနွေးရမှာ ဖြစ်တယ်။ ဆွေးနွေးပြီးလို့ ကျွန်တော်တို့ နှစ်ဖက် ပြန်တွေ့မယ့် စက်တင်ဘာလ ၁၆၊ ၁၇ ရက်နေ့ဆိုရင် လက်မှတ်ထိုးနိုင်မယ့် အခြေအနေရောက်ဖို့ မျှော်လင့်ပြီး လုပ်နေတာ။ လက်တလော ဆုံးဖြတ်နိုင်ခြင်းမရှိတဲ့ အရာတွေကိုတော့ ခေါင်းဆောင်တွေကို ပြန်တင်ပြပြီး အကြောင်းပြန်မယ် ပြောပါတယ်" ဟု ဦးဇော်ဌေးက ပြောသည်။

*စာမျက်နှာ ၉ သို့*

○ **ပြည်သူတွေ အခုလို ဒုက္ခရောက်နေတဲ့အနေအထားမှာ ခိုင်မာတဲ့ သဘောတူညီချက်ရဖို့ ဘယ်လိုလုပ်ကြမလဲဆိုတာ ဆွေးနွေးပါတယ်။ မိုင်းလားဆွေးနွေးပွဲမှာ အစိုးရရဲ့ အဆိုပြုချက်ကို ကျွန်တော်တို့ပေးခဲ့သလို ဒီနေ့မှာ မြောက်ပိုင်းလေးဖွဲ့ရဲ့ အဆိုပြုချက်တွေ ကျွန်တော်တို့ကို ပြန်ပေးပါတယ်။ အဲ့ဒီအပေါ်မှာ ကျွန်တော်တို့က အစိုးရရဲ့သဘောထားကို တစ်ချက်ချင်း ပြန်လည်ဆွေးနွေးပါတယ်။ ယေဘုယျအားဖြင့် တော်တော်များများလက်ခံပြီး ကျန်တဲ့အပိုင်းတွေကို အသေးစိတ် ဆက်ပြီး ဆွေးနွေးဖို့ရှိ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော်  ဩဂုတ်  ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေရေး တပ်မတော်ဘက်မှ စတင်၍ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းပေးခြင်းအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်မှစတင်၍ ယနေ့အထိ အချိန်ကာလအားဖြင့် (၈)လကြာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်လိုသည့် စစ်မှန်သောဆန္ဒဖြင့် ပြုလုပ်ပေးခဲ့ပါကြောင်း။

လက်ရှိအခြေအနေတွင် တပ်မတော်အနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ငြိမ်းချမ်းရေးအပေါ် မျှော်လင့်ချက်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်မှုအပြည့်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တို့နှင့် လက်ရှိ ဆွေးနွေးဆဲအခြေအနေများ ဆက်လက်ဆောင်ရွက်နိုင်ရေးတို့အတွက် အထက်ဖော်ပြပါ တိုင်းစစ်ဌာနချုပ်နယ်မြေများ၌ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများအား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# စုံစမ်းစစ်ဆေးရေးခုံရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် စစ်တရားရုံးဖြင့် ဆက်လက်စစ်ဆေးစီရင်သွားမည်ဖြစ်

**နေပြည်တော်  ဩဂုတ်  ၃၁**

တပ်မတော်နည်းဥပဒေများနှင့်အညီဖွဲ့စည်းခဲ့သည့် ဥက္ကဋ္ဌ ဗိုလ်ချုပ် မြတ်ကျော် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးခုံရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် စစ်တရားရုံးဖြင့် ဆက်လက်စစ်ဆေးစီရင်သွားမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းခဲ့သည့် ဥက္ကဋ္ဌ ဗိုလ်ချုပ် မြတ်ကျော် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးခုံရုံး (Court of Inquiry) အဖွဲ့သည် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေသို့ ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၅ ရက်အထိ ဒုတိယအကြိမ် သွားရောက်စစ်ဆေးခဲ့ရာ စုံစမ်းစစ်ဆေးရေးခုံရုံးက စစ်ဆေးခဲ့သည့် နှစ်ကြိမ်အတွင်း စစ်ဆေးတွေ့ရှိချက်များအရ ဂူတာပြင်ကျေးရွာ ဖြစ်စဉ်အချို့တွင် ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် အားနည်းခဲ့သဖြင့် စစ်စည်းကမ်းအရ အရေးယူရန် အခြေအနေပေါ်ပေါက်သည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်၍ စစ်တရားရုံး (Court- Martial) ဖြင့် ဆက်လက်စစ်ဆေးစီရင်နိုင်ရေး စစ်ဘက်တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးရေးခုံရုံးအနေဖြင့် ကျန်ရှိနေသေးသည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

လက်ရှိတိုက်ပွဲများ ဖြစ်ပေါ်နေမှုနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် "ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ၁၅ ရက်နေ့ကစပြီး တိုက်ပွဲတွေဖြစ်တယ်။ ပြင်ဦးလွင်မှာ X-Ray စက်တွေ ဖျက်ဆီးတယ်။ X-Ray စက်ဆိုရင် နိုင်ငံတော်သမ္မတကြီးရဲ့ဦးစားပေး မူးယစ်ဆေးဝါးတိုက်ဖျက်ဖို့အတွက် ဝယ်ထားတာ။ ဒေါ်လာသန်းချီပေးရတယ်။ ဒီစက်ကြီးက ဘယ်လိုတိုင်းရင်းသားအခွင့်အရေးတွေ ဘာတွေကို ချိုးဖောက်သလဲ။ ဘာတွေ ထိခိုက်နစ်နာမှုရှိနေသလဲ။ တစ်နိုင်ငံလုံးက မူးယစ်ဆေးဝါးကို တားဆီးတိုက်ဖျက်ဖို့ ဝယ်ထားတာ။ X-Ray စက်ကို ပစ်ခတ်တိုက်ခိုက်တဲ့အပိုင်းကတော့ တော်တော်ကို စိတ်ပျက်ဖို့ကောင်းတဲ့ အနေအထားမျိုး။ လမ်းမကြီးပေါ်မှာ လမ်းတွေ၊ တံတားတွေ ချိုးတယ်။ မိုင်းနဲ့ခွဲတယ်။ ပြန်ပြင်ရတယ်။ ဆုံးရှုံးရတော့ ပြည်သူလူထုဘဏ္ဍာငွေပါ။ အဲဒါထက် နိုင်ငံရဲ့ထုတ်ကုန်တွေ၊ လုပ်အားတွေ ဆုံးရှုံးတာက ပိုများတယ်။ ဒါဟာ ဘယ်သူ့အကျိုးစီးပွားလဲလို့ ပြန်မေးစရာရှိတယ်။ တပ်မတော်က ပြည်ထောင်စုလမ်းမကြီး ပြန်ပေါက်အောင်၊ ကျိုးသွားတဲ့တံတားတွေ ပြင်နိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးနဲ့ ပူးပေါင်းပြီးလုပ်တယ်။ ဒါကြောင့် ဆွေးနွေးပွဲတွေ ကြန့်ကြာတာ မဟုတ်ဘူးလို့ ပြောချင်တယ်။ ငြိမ်းချမ်းရေးကို လိုလားတဲ့ဆန္ဒရှိမှ ဆွေးနွေးပွဲတွေ အောင်မြင်မှာ။ လိုလားချက်တွေက သူ့ဘက်ကိုယ့်ဘက်ရှိတယ်။ တကယ့်ဒုက္ခခံစားနေရတဲ့ ပြည်သူတွေအပေါ်မှာ ရှေးရှုဖို့လိုတယ်လို့ ပြောတာပါ။

**နိုင်ငံရေးသဘောတူညီချက်**

"အစိုးရပေါ်လစီက ရှင်းတယ်။ အရပ်သားပစ်မှတ်တွေကို တိုက်ခိုက်တာသည် အကြမ်းဖက်လုပ်ရပ်ဖြစ်တယ်။ ဒီလိုလက်နက်ကိုင်တိုက်နေရုံနဲ့ အဖြေမထွက်ဘူး။ တိုင်းရင်းသားတန်းတူပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်အတွက် တိုက်လာတာ။ ဒါတွေသည် အဖြေမထွက်ဘူး။ တိုက်ပွဲတွေကြောင့် နိုင်ငံက ခေတ်နောက်ကျတာပဲရှိတယ်။ မြန်မာတစ်နိုင်ငံပဲ ကမ္ဘာပေါ်မှာ အရှည်ကြာဆုံး ပြည်တွင်းစစ်အဖြစ် ကျန်နေတယ်။ ပြည်တွင်းစစ်ပဋိပက္ခတွေကြောင့် နိုင်ငံရဲ့ နစ်နာမှုပဲရှိတယ်။ ဒါကို ဖြေရှင်းဖို့ဆိုရင် နိုင်ငံရေး ဆွေးနွေးပွဲနဲ့ နိုင်ငံရေးအဖြေရှာဖို့ပဲ။ ဒီအတွက် အစိုးရက ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားတယ်လို့ ပြောတာ။ ဒီတံခါးကို သော့ပိတ်ဖို့ အစီအစဉ်မရှိဘူး။ ဆွေးနွေးပွဲကို တက်လာဖို့ပဲလိုတယ်။ လိုလားချက်တွေပြော။ အဲဒီမှာ နိုင်ငံရေး သဘောတူညီချက်တွေရရင် ဒီအတိုင်းဖြစ်လာမယ်"ဟု ဦးဇော်ဌေးက ဖြေကြားသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ဆွေးနွေးပွဲ၏ ဦးတည်ချက်သည် လတ်တလောတိုက်ပွဲများ ရပ်ဆိုင်းနိုင်ရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Bilateral Ceasefire Agreement) လက်မှတ်ထိုးနိုင်ရေး၊ တပ်ပိုင်းဆိုင်ရာ နေရာချထားရေးတို့ကို ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း ပြောကြားပြီး ပြည်တွင်းပြည်ပ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဆက်လက်ဖြေကြားခဲ့သည်။

မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်ကြသည့် KIO, MNTJP, PSLF, ULA လေးဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Bilateral Ceasefire Agreement) လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်နေသည်မှာ ရှစ်လတိုင်ကြာမြင့်ပြီဖြစ်ကြောင်း ဦးဇော်ဌေးထံမှ သိရသည်။

**သတင်း-ရဲခေါင်ညွှန့်**

## အစိုးရပေါ်လစီက ရှင်းတယ်။ အရပ်သားပစ်မှတ်တွေကို တိုက်ခိုက်တာသည် အကြမ်းဖက်လုပ်ရပ်ဖြစ်တယ်။ ဒီလို လက်နက်ကိုင်တိုက်နေရုံနဲ့ အဖြေမထွက်ဘူး။ တိုင်းရင်းသားတန်းတူပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်အတွက် တိုက်လာတာ။ ဒါတွေသည် အဖြေမထွက်ဘူး။ တိုက်ပွဲတွေကြောင့် နိုင်ငံက ခေတ်နောက်ကျတာပဲရှိတယ်။ မြန်မာတစ်နိုင်ငံပဲ ကမ္ဘာပေါ်မှာ အရှည်ကြာဆုံး ပြည်တွင်းစစ်အဖြစ် ကျန်နေတယ်။ ပြည်တွင်းစစ် ပဋိပက္ခတွေကြောင့် နိုင်ငံရဲ့ နစ်နာမှုပဲရှိတယ်။ ဒါကို ဖြေရှင်းဖို့ဆိုရင် နိုင်ငံရေးဆွေးနွေးပွဲနဲ့ နိုင်ငံရေး အဖြေရှာဖို့ပဲ။ ဒီအတွက် အစိုးရက ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားတယ်

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန ကိုယ်စားလှယ်များနှင့် KIO, PSLF, MNTJP, ULA (၄) ဖွဲ့ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှု ပူးတွဲသတင်းထုတ်ပြန်ချက်

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ကိုယ်စားလှယ်များနှင့် KIO, PSLF, MNTJP, ULA (၄)ဖွဲ့ ကိုယ်စားလှယ်များသည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ Amazing Kengtong Resort ၌ တွေ့ဆုံခဲ့ကြပါသည်။

၂။ တွေ့ဆုံရာတွင် လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများ အမြန်ဆုံးရပ်တန့်ရေး၊ Bilateral Ceasefire Agreement လက်မှတ်ရေးထိုးနိုင်ရေးကို ဦးတည်၍ ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

၃။ ဆွေးနွေးပွဲတွင် တပ်နေရာချထားရေးဆိုင်ရာကိစ္စရပ်များ၊ တိုက်ပွဲများမဖြစ်ပွားရန် မည်သို့ဆောင်ရွက်မည်ဆိုသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ ရယူရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တပ်မတော်ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်လက်ဆွေးနွေးရန် သဘောတူညီခဲ့ကြပါသည်။

၄။ နောက်တစ်ကြိမ် တွေ့ဆုံဆွေးနွေးမှုကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၁၆-၁၇ ရက်တွင် တွေ့ဆုံရန်၊ တွေ့ဆုံမည့်နေရာကို နှစ်ဖက်ဆက်လက်ညှိနှိုင်းရန် သဘောတူညီခဲ့ကြပါသည်။

၅။ Bilateral Ceasefire Agreement လက်မှတ်ရေးထိုးပြီးသည့်နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)နှင့် ပတ်သက်၍ ဆက်လက်ညှိနှိုင်းသွားရန်လည်း သဘောတူညီခဲ့ကြပါသည်။

၆။ နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ အမြန်ဆုံးရပ်တန့်နိုင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် နှစ်ဖက်စလုံးက နိုင်ငံရေးဆန္ဒ အပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နေရာ။** **ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့**
**ရက်စွဲ။** **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်**

# ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ ကိုင်းကြီး (မြို)ရွာနှင့် အင်းဒင်ရွာ၌ သတင်းယူ

**မောင်တော ဩဂုတ်  ၃၁**

ပြည်တွင်းပြည်ပ သတင်းမီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် မောင်တောမြို့မှ ကိုင်းကြီး(မြို)ရွာသို့ ရောက်ရှိ သတင်းရယူကြသည်။ **(ယာပုံ)**

ထို့နောက် သတင်းအဖွဲ့သည် အင်းဒင်ရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်း ရွာသူရွာသားများနှင့် တွေ့ဆုံ မေးမြန်း၍ သတင်းရယူကြသည်။

ယင်းနောက် သတင်းအဖွဲ့သည် စစ်တွေမြို့မှ တစ်ဆင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ မြန်မာ အမျိုးသားလေကြောင်းလိုင်းဖြင့် ပြန်လည်ရောက်ရှိကြသည်။ သတင်းမီဒီယာအဖွဲ့တွင် Courrier Japon၊ Nishinippon Shimbun၊ Nippon TV၊ VOA၊ BBC၊ MRTV၊ MITV၊ MIR နှင့် MNA သတင်းဌာနတို့မှ သတင်းသမားများ ပါရှိသည်။

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူမှု အနေဖြင့် ယခုအကြိမ်နှင့်ဆိုလျှင် စုစုပေါင်း ၃၄ကြိမ် ရှိပြီဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ၁ ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ၈ ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် အကြိမ် ၂၀၊ ၂၀၁၉ ခုနှစ်တွင် ၅ ကြိမ်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



# ဂျပန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးနှင့် နည်းပညာသင်ယူမှု အခွင့်အလမ်းများဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရန်လိုအပ်

**ရန်ကုန် ဩဂုတ် ၃၁**

ဂျပန်သံရုံး၊ မြန်မာနိုင်ငံ ဂျပန်ကျောင်းသားဟောင်းများအသင်း (MAJA)၊ Okayama တက္ကသိုလ်၊ ဂျပန်နိုင်ငံ၏အမျိုးသား တက္ကသိုလ်(၆)ကျောင်းအစု အဖွဲ့၊ Japan Student Services Organization (JASSO) နှင့် Mitsubishi Cooperation တို့ ပူးပေါင်းကျင်းပသည့် "Study in Japan Fair 2019" ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ Novotel ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Okayama University မှ Vice President , Dr. Kunio Kimura က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် ယနေ့ရင်ဆိုင်နေရသည့် အကြီးမားဆုံး စိန်ခေါ်မှုသည် အလွတ်ကျက်မှတ်သည့် အကျင့်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် စာမေးပွဲရမှတ်များများရရှိရန် သင်ယူခြင်းမျိုးမဟုတ်ဘဲ နက်နက်နဲနဲ သင်ယူပြီးရင်းသင်ယူနေသည့် တစ်သက်တာသင်ယူခြင်းကို အားပေးလျက်ရှိပါကြောင်း၊ ၂၁ ရာစုသည် နည်းပညာခေတ်ဖြစ်သည့်အတွက် Artificial Intelligent-AI, IoT, Big data နည်းပညာများသည် အရေးကြီးပါကြောင်း၊ အရေးအကြီးဆုံး အရည်အသွေးများဖြစ်သည့် ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ စဉ်းစားဆင်ခြင်သုံးသပ်ခြင်း၊ တီထွင်ဖန်တီးခြင်း၊ ဗဟုသုတ၊ အရည်အသွေးနှင့် ကောင်းမွန်သော သဘောထားအမြင်များရှိရန်လည်း လိုအပ်သဖြင့် ဂျပန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးနှင့် နည်းပညာသင်ယူမှု အခွင့်အလမ်းများဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ပါကြောင်း။





**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး "Study in Japan Fair 2019" ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ယနေ့အခမ်းအနားတွင် ဂျပန်နိုင်ငံမှ တက္ကသိုလ်များ၊ ဂျပန်ဘာသာစကား သင်တန်းကျောင်းများ၊ ပညာတော်သင်ဆုနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းနှင့် အခြားသော အဖွဲ့အစည်းများပါဝင်သော စုစုပေါင်း တက္ကသိုလ်အဖွဲ့အစည်းပေါင်း ၄၀ ခန့် ပါဝင်ပါကြောင်း၊ ယနေ့ရရှိသည့် အခွင့်အရေးကိုရယူလျက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံမှ တက္ကသိုလ် ဆရာ ဆရာမများအား ဂျပန်နိုင်ငံတွင် ဂျပန်ဘာသာစကားသင်တန်း၊ မဟာတန်း၊ ပါရဂူတန်းများ၊ သင်တန်းများတက်ရောက်ရန်၊ လေ့လာရေးခရီးစဉ်များ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် ညီလာခံများ တက်ရောက်ရန်အတွက် ပညာသင်ဆုများ ပေးအပ်ခြင်းအတွက် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**များစွာအထောက်အကူဖြစ်**

မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ဝန်ထမ်းများသည် ဂျပန်အထောက်အပံ့အကူအညီ (JDS) အစီအစဉ်ဖြစ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာသင်ဆုစီမံကိန်းအထောက်အပံ့ဖြင့် ဂျပန်နိုင်ငံတွင် သင်တန်းအသီးသီးကို တက်ရောက်လျက်ရှိကြပါကြောင်း၊ ယင်းအစီအစဉ်သည် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေပါကြောင်း၊ ထို့ပြင် ပညာရေးဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်သည့် JICA CREATE စီမံကိန်းအရ အခြေခံပညာကဏ္ဍမှာ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးအတွက် JICA ၏ ကြီးမားသည့် အထောက်အပံ့ရရှိခြင်းအတွက်ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသို့ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ခြင်း (CESR)၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP)၊ ရေကြီးရေလျှံခံရသော ကျောင်းများ ပြန်လည်တည်ဆောက်ရေး၊ STEM Project၊ အင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် နည်းပညာအားဖြင့်လည်းကောင်း၊ ငွေကြေးအားဖြင့်လည်းကောင်း ထောက်ပံ့ပေးခြင်းအတွက် JICA အား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် Collective Management Organizations အကြောင်း သိကောင်းစရာစကားဝိုင်း ကျင်းပ

**ရန်ကုန် ဩဂုတ် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းကျင်းပသည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် Collective Management Organizations (CMOs) အကြောင်း သိကောင်းစရာစကားဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးသိမ်းစိုးက စကားဝိုင်းကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**စုပေါင်းအဖြေရှာ**

အဆိုပါ စကားဝိုင်းကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေနှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက်များကို အများပြည်သူသိရှိရန်၊ ထုတ်ဝေသူနှင့် မူပိုင်ခွင့် အခွင့်အရေးရရှိသူများအကြားတွင် ဖြစ်ပွားလေ့ရှိသည့် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများအပေါ် စုပေါင်းအဖြေရှာတတ်စေရန်နှင့် ဥပဒေတွင် အဓိကအရေးပါသော အစိတ်အပိုင်းဖြစ်သည့် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (CMOs) များကို ဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သည့် အသိပညာများ ဖြန့်ဝေပေးရန် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဆွေးနွေးပွဲသဘာပတိအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာန မူပိုင်ခွင့်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်နွယ်ရီဝင်း၊ ဥပဒေပညာရှင် ဦးသန်းမောင်(စစ်တွေ)၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ပြည့်စုံစာအုပ်တိုက်မှ ထုတ်ဝေသူ ဦးမျိုးအောင်နှင့် စာရေးဆရာ ဦးကြည်ရွှန်းတို့က စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားကြသည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက "စာပေနဲ့ အနုပညာဆိုင်ရာ မူပိုင်ခွင့် အခွင့်အရေးတွေကို စာရေးဆရာနဲ့ ထုတ်ဝေသူတွေကို သိစေချင်ပါတယ်။ စာပေအနုပညာ မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းပြီးရင် စုပေါင်းစီမံခန့်ခွဲမှု အဖွဲ့အစည်းတွေ (CMOs) ပေါ်ပေါက်လာမယ်။ ဒီအဖွဲ့အစည်းတွေရဲ့ လုပ်ငန်းတာဝန်တွေနဲ့ ဘာတွေကို လုပ်ဆောင်ပေးနိုင်မလဲဆိုတာတွေကို သိစေချင်တဲ့အတွက် ဒီစကားဝိုင်းကို ပြုလုပ်ရခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

**သိသင့်သည့်အချက်များ**

ပြည့်စုံစာအုပ်တိုက်မှ ထုတ်ဝေသူ ဦးမျိုးအောင်က စာရေးဆရာများ၊ ထုတ်ဝေသူများအနေဖြင့် ဥပဒေအပေါ်တွင် မည်သည့်အချက်များကို အဓိကထား သိရမည်၊ ယင်းနောက် သိသင့်သည့် အချက်များနှင့် CMOs သည် မည်မျှ အရေးကြီးသည်ဆိုသည့် အကြောင်းအရာများကို အဓိကထားပြောသွားမည် ဖြစ်ကြောင်း၊ CMOs ဖြစ်လာပါက ဖန်တီးသူများနှင့် ထုတ်ဝေသူများ အကျိုးရှိနိုင်မည်ဖြစ်သကဲ့သို့ ပြည်သူများအတွက်လည်း အကျိုးရှိလာမည့် အစဉ်အလာကောင်းတစ်ရပ် ဖြစ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ထုတ်ဝေသူနဲ့ စာရေးသူတွေအကြား အရင်ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို အတုယူပြီး အခုကာလမှာ မူပိုင်ခွင့်ကို အလေးထားပြီး ဆောင်ရွက်ဖို့ရယ်၊ အလုပ်လုပ်ရင်လည်း အဓိက စာချုပ်ချုပ်ဖို့ရယ်၊ ထုတ်ဝေမှုပုံစံပြောင်းလဲတဲ့အတွက် ဒစ်ဂျစ်တယ် ပလက်ဖောင်းကို ရောက်အောင်သွားဖို့ရယ်၊ ဒစ်ဂျစ်တယ် ပလက်ဖောင်းရဲ့ရရှိနိုင်မယ့် အကျိုးရယ်၊ အဲဒီအချက်တွေကို အဓိက ပြောမှာပါ။ မူပိုင်ခွင့်ဥပဒေ အသက်ဝင်လာတာနဲ့အမျှ မူပိုင်ခွင့်ဆိုတဲ့ စကားလုံးအရ ကိုယ်ခံစားရမယ့် ခံစားခွင့်တွေကို တိတိကျကျ ခံစားခွင့်ရမယ်။ ကိုယ်ရဲ့ ခံစားခွင့်တွေ ကို သူတစ်ပါးက ယူသုံးခဲ့တယ်ဆိုရင် ကာကွယ်ခွင့်ရမယ်။ အဲဒါက အဓိကပါပဲ" ဟု မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ထွန်းက ပြောသည်။

**သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-ရဲထွဋ်**

## ရွှေဘိုမြို့နှင့် ၁၄ မိုင်အကွာကို ဗဟိုပြု၍ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ မြေငလျင်စခန်း၏ တောင်ဘက် ၃၃ မိုင်ခန့်အကွာ မြန်မာနိုင်ငံ ပြည်တွင်း ရွှေဘိုမြို့၏ အနောက်မြောက်ဘက် ၁၄ မိုင်အကွာ၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၆ ဒီဂရီ အနောက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၃၉ မိနစ် ၂၂ စက္ကန့်က အင်အား ၆ ဒသမ ၀ ရစ်ချ်တာစကေးရှိ အင်အား အသင့်အတင့်ရှိသော ငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

## ဥတုရာသီ၊ တောကိုမှီ၏။

# မိုးသည်းထန်စွာရွာသွန်း၍ ကားလမ်းများ ရေကြီးရေလျှံမှုကြောင့် ယာဉ်သွားလာမှုများ ပြတ်တောက်၊ ကျောင်းအချို့ကိုလည်း ယာယီပိတ်ထားရ

**သထုံ**

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် တောင်ကျရေ စီးဆင်းခြင်းတို့ကြောင့် ဩဂုတ် ၃၁ ရက် နံနက် ၄ နာရီခွဲမှ စတင်ကာ ကျိုက်ကော်ရပ်ကွက် အောက်ကျင်းပိုင်းရှိ ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ် (၁၃၈/၆)နှင့် (၁၃၉/၂)ကြား၌ နှစ်ပေခန့် ရေကျော်နေသဖြင့် ယာဉ်သွားလာမှုများ ခေတ္တပိတ်ထားရကြောင်း သိရသည်။

ကားလမ်းမကို စတင်ရေကျော်ပြီးနောက် နံနက် ၆ နာရီခန့်မှစတင်ကာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ကို ခေတ္တပိတ်ထားခဲ့ကြောင်း၊ နံနက် ၁၀ နာရီခန့်အထိ ရေများ ပြန်လည်ကျဆင်းသွားခြင်း မရှိသေးသည့်အတွက် ကားလေးများကို ရပ်ကွက်များအတွင်းရှိ လမ်းလွှဲများမှ ဖြတ်သန်းမောင်းနှင်စေပြီး ကားကြီးများကိုမူ ဖြတ်သန်းသွားလာခွင့် ပိတ်ထားကြောင်း သိရသည်။

ရေလွှမ်းနေသည့် ကားလမ်းမတစ်လျှောက် မောင်းနှင်သွားလာနေကြသောကားနှင့်ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် သထုံမြို့နယ်နှင့် သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများမှ အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ဩဂုတ် ၃၀ ရက် ညပိုင်းနှင့် ၃၁ ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်းဘူး (စကု) ကားလမ်း၊ စစ်စလီရေကျော် ကားလမ်းမပေါ်သို့ အလျားပေ ၁၀၀ ခန့် ၊ အမြင့်တစ်ပေခွဲခန့် ရေကျော်နေသဖြင့် မင်းဘူးမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိန်ထွန်း ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မင်းဘူးမြို့နယ် ဗြဟ္မစိုရ်ရှိနာရေးကူညီမှုအသင်းသားများက မင်းဘူး-စကု ကားလမ်း စစ်စလီရေကျော်နေမှုအား ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် မင်းဘူး-ဆင်ခေါင်းကားလမ်း၊ ကန်ရေကျေးရွာအလွန် ရေကျော်၌ ကားလမ်းမပေါ်တွင် အလျားပေ ၃၀ ခန့်၊ အမြင့်ရှစ်လက်မကျော်ခန့် ရေကျော်နေသဖြင့် ဒေါင်းဖန်း မီးငြှိမ်းသတ်ယာဉ်ဖြင့် တပ်ကြပ်ကြီး ဇော်ဦး ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင် ခြောက်ဦးတို့သည် ကန်ရေကျေးရွာအလွန် ရေကျော်နေမှုအား အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

**တနင်္သာရီ**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း ဩဂုတ် ၂၇ ရက်မှစ၍ ဒုတိယအကြိမ် စိုးရိမ်ရေအမှတ် ထက်ကျော်လွန်ပြီး တနင်္သာရီမြစ်ရေ ထပ်ကြီးနေမှုကြောင့် အခြေခံပညာကျောင်းလေးကျောင်း ယနေ့နံနက်ပိုင်းမှစ၍ ယာယီပိတ်လိုက်ရကြောင်း၊ ဩဂုတ် ၃၀ ရက်ကလည်း ကျောင်းခုနစ်ကျောင်းပိတ်ခဲ့ရသဖြင့် ယနေ့အထိ စုစုပေါင်း ကျောင်း ၁၁ ကျောင်းကို ယာယီပိတ်လိုက်ရပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ကျောင်းများအား ကျောင်းဝင်းအတွင်းနှင့် ကျောင်းသွားလမ်းများမှာ မြစ်ရေဝင်နေခြင်း၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်မဖြစ်ပွားစေရန်အတွက် ယာယီပိတ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့နောက်တိုးထပ်ပိတ်ရသည့် ကျောင်းများမှာ-အထက-ဇဝဲကျေးရွာ၊ အလက(ခွဲ)ပဝချောင်းထဲရွာ၊ (မူလွန်)သာယာကုန်းရွာနှင့် အမက-သက္ကယ်ကျော်ရွာတို့ဖြစ်သည်။

၎င်းကျောင်းများ၏ ယာယီပိတ်ရက်များကို စနေ၊ တနင်္ဂနွေ၊ အဖိတ်နေ့များတွင် အစားထိုး၍ ပြန်လည်ဖွင့်လှစ် သင်ကြားပေးသွားရန် စီစဉ်ထားကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းယုက ပြောသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

**ပေါက်ခေါင်း**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ယနေ့နံနက် ၄ နာရီခန့်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာရှိ နေအိမ်များ၊ ဌာနဆိုင်ရာရုံးများ ရေကြီးမှုဖြစ်ပေါ်ခြင်း၊ ပေါက်ခေါင်း-ပြည်ကား လမ်းပိုင်း ရေလွှမ်းခြင်းနှင့် တံတားတစ်စင်းပျက်စီးခဲ့သည်။

ယနေ့နံနက်ပိုင်းက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပေါက်ခေါင်း-အုတ်တွင်းကားလမ်းရှိ အရှည်ပေ ၁၉၀ သံပေါင်ဘေလီ ညောင်ဝန်းတံတားသည် ရေစီးနှင့်အတူမျောပါပျက်စီးသွားပြီး တံတားအထက်ပိုင်းရှိ နေအိမ်ခြောက်လုံးမှာ ရေတိုက်စား ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ ပျက်စီးမှုဖြစ်ရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ကျိုက်မရော**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ဩဂုတ် ၂၅ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ ယနေ့နံနက်ပိုင်းတွင် အတ္တရံမြစ်ရေသည် ၄၅၄ စင်တီမီတာသို့ ပြန်လည်ရောက်ရှိလာပြီး ဒုတိယအကြိမ် အနိမ့်ပိုင်းရပ်ကွက်ရှိ အိမ်များ၊ စာသင်ကျောင်းများအတွင်းသို့ မြစ်ရေဝင်လျက်ရှိရာ အထကခွဲကျိုက်မရောကျောင်းအတွင်းသို့ ရေစတင်နစ်မြုပ်နေသဖြင့် ကျိုက်မရောလူငယ်ပရဟိတအဖွဲ့ခေါင်းဆောင် ဦးစောထူးလေးနှင့် လူငယ်များက ကျောင်းအတွင်းရှိ ပစ္စည်းများ၊ စာသင်ခုံ၊ စာရေးခုံများနှင့် အတန်းငယ်ကလေးများကို ရေလွတ်ရာသို့ ကူညီပြောင်းရွှေ့ပေးလျက်ရှိသည်။

ထို့ပြင် ရှင်စောပုရပ်ကွက်အနိမ့်ပိုင်းနေအိမ်များသို့ မြစ်ရေစတင်ဝင်နေပြီဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် ဒုတိယအကြိမ် ရေထပ်မံကြီးလာမည်ကို စိုးရိမ်နေကြပြီး အချို့မှာ ကုန်းမြင့်ပိုင်းနေရာများသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

**ရန်ကုန်**

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေမြင့်တက်မှုကြောင့် ဒလမြို့နယ်၌ ယနေ့ ညနေပိုင်းက မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း မြစ်ရေဝင်လျက်ရှိကြောင်း အုံ့ကြီးအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

ထူးကဲဒီရေမြစ်တက်မှုကြောင့် မြစ်ချောင်းများအနီးရှိ သမ္မတကမ်းခြေရပ်ကွက်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ မြို့မ(၁)ရပ်ကွက်၊ မြို့မ(၂)ရပ်ကွက်၊ မြို့မ(၃)ရပ်ကွက်တို့၌ လမ်းသွယ်နှင့် လမ်းမကြီး၊ ကမ်းနားလမ်းတစ်လျှောက် လမ်းမအပေါ် ရေကျော်ခဲ့ပြီး ည ၆ နာရီတွင် ပြန်ကျသွားကြောင်း သိရသည်။

ထူးကဲဒီရေသည် လပြည့်၊ လကွယ်များတွင် တက်လေ့ရှိပြီး ပင်လယ်ကမ်းစပ်နှင့်နီးသော ဒေသများတွင် ပုံမှန်ဒီရေတက်ကာ တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ထက် ထူးကဲဒီရေတက်လေ့ရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

**ကျိုက်ထို**

ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၉၅/၅)နှင့်(၉၆/၆)အကြားတွင် ဩဂုတ် ၃၁ ရက် နံနက် ၅ နာရီခန့်က မိုးရွာသွန်းမှုကြောင့် အဝေးပြေးကားလမ်းပေါ်သို့ အရှည်ပေ ၆၀၀ ခန့်နှင့် အမြင့်တစ်ပေခွဲခန့် ရေမြင့်တက်မှုဖြစ်ခဲ့သည်။

ရေမြင့်တက်မှုကြောင့် မရမ်းချောင်အမြဲတမ်း ပူးပေါင်းစစ်ဆေးရေးစခန်းမှ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် တာဝန်ကျ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြီးများကို ပုံမှန်အတိုင်းဖြတ်သန်းမောင်းနှင်စေပြီး ယာဉ်ငယ်များကို စစ်ဆေးရေးစခန်း၏ အလယ်လမ်းမှ ဖြတ်သန်းသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

**အုတ်တွင်း**

တောင်ငူခရိုင်အုတ်တွင်းမြို့နယ်နှင့် ပဲခူးရိုးမအနောက်ဘက်ခြမ်းရှိ ပေါက်ခေါင်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ရိုးမဖြတ်ကျော်ကားလမ်းတွင် ဩဂုတ် ၃၀ ရက် ညပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ပြိုမှုများဖြစ်ပေါ်လျက်ရှိပြီး တောင်ငူ-ပြည် ခရီးသည်တင်ယာဉ်များ ရှေ့ဆက်သွားမရတော့သဖြင့် နောက်ပြန်လှည့်ကာ သာဂရ-ကိုးပင်ရိုးမဖြတ်ကျော် ကားလမ်းမှ ခရီးဆက်သွားကြရကြောင်း တောင်ငူမြို့မှ ဦးပြည့်ဖြိုးဦးက ပြောကြားသည်။ “ရိုးမဖြတ်ကျော်ကားလမ်းတစ်လျှောက်မှာ တောင်ပြိုကျနေတာတွေ အများကြီးပဲ။ ကြက်မတက်နားမရောက်ခင် မိုင်တိုင် ၈၃ နဲ့ ၈၄ ကြားမှာ လမ်းလုံးဝပိတ် သွားပြီ။ ကားတွေ၊ ဆိုင်ကယ်တွေသွားလို့မရတော့ပါဘူး။ ပေါက်ခေါင်းမြို့နယ်ထဲမှာလည်း တံတားကျိုးတယ်လို့ အဲဒီဘက်က ပြန်လာတဲ့လူတွေက ပြောတယ်” ဟု ဦးပြည့်ဖြိုးဦးက ဆက်လက်ပြောကြားသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းနေဆဲဖြစ်ရာ ရိုးမဖြတ်ကျော်တောင်ပေါ်ကားလမ်းများမှ ခရီးသွားကြလျှင် တောင်ပြိုကျမည့်အန္တရာယ်ရှိနိုင်သည့်အတွက် အထူးသတိပြုကြရန်လိုကြောင်း သုံးသပ်ပြောကြားမှုများရှိနေသည်။

**သန်းလွင်**



မင်းဘူး(စကု)မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်းဘူး - စကုသွားကားလမ်း နွားကူးချောင်းတံတားတွင် ချောင်းရေလျှံမှုဖြစ်ရာ ပြည်သူများအန္တရာယ်ကင်းဝေးစေရန်အတွက် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစဉ်။ ဓာတ်ပုံ-ရဲဝင်းနိုင်(ညောင်ဦး)



ဩဂုတ် ၃၁ ရက်က ရွာသွန်းခဲ့သည့်မိုးကြောင့် ငါ့သရောက်-စိတ္တိန်း-ကမ်းပြုလမ်း (မရိုးကုန်းချောင်းနှင့် ကမ်းပါးချောင်းဆုံသည့်နေရာ) တွင် ရေကျော်၍ ပျက်စီးနေမှုကိုတွေ့ရစဉ်။

ဓာတ်ပုံ - မောင်မောင်ထိန်(ကျောက်ပန်းတောင်း)




## ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**

# "ကဗျာ့သဘော ကဗျာ့အရသာ" စကားဝိုင်းကျင်းပ

**ရန်ကုန် ဩဂုတ် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်နှင့် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းတို့က ကြီးမှူးကျင်းပသော "ကဗျာ့သဘော ကဗျာ့အရသာ" စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဦးမော်လင်းက ကဗျာ့စကားဝိုင်းကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ဆရာမြဝင်း(ဒသဿန)၊ ဆရာမြင့်စိုးလှိုင်၊ ဒေါက်တာအောင်ကြီးနှင့်မောင်လင်းရိပ်တို့က ကဗျာ၏သဘောသဘာဝများကို ဆွေးနွေးပြောကြားကြပြီး (ဓါတ်ပုံ) တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးမော်လင်းက ကဗျာဆရာကြီးများကို အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

**သတင်းစဉ်**





၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ကျင်းပခဲ့သည့် နိုင်ငံတကာအားကစားပြိုင်ပွဲများမှ ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော အားကစားအဖွဲ့ချုပ်များနှင့် အားကစားသမားများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၃၀ ရက်က ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ကမ္ဘာ့အဆင့်နှင့် နိုင်ငံတကာစီးရီးကြက်တောင်ရိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုရရှိခဲ့သော မသက်ထားသူဇာအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀၀ ချီးမြှင့်ရာ ဖခင်ဦးထွန်းထွန်းဇော်က ကိုယ်စားလက်ခံရယူစဉ်။ အာကာစိုး

## ပရီမီယာလိဂ်ပွဲစဉ်(၄) မန်ယူတို့ သုံးပွဲဆက် နိုင်ပွဲပျောက် မန်စီးတီးတို့ အိမ်ကွင်းတွင် ဂိုးပြတ်အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၄) မှ ဩဂုတ် ၃၁ရက် စနေနေ့ညတွင် အစောဆုံးပွဲစဉ်အဖြစ် ဆောက်သမ်တန်နှင့် မန်ယူပွဲစဉ်၌ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဆောက်သမ်တန်အသင်းသည် ၄-၂-၂-၂ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် ဒန်နီအင့်စ်နှင့် အဒမ်စ်တို့ ပွဲထွက်ခဲ့ပြီး ဧည့်သည် မန်ယူအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ရက်ချ်ဖို့ဒ်ကို အထောင်ထားပွဲထွက်လာသည်။ ရာသီအစ ပွဲဦးထွက်နိုင်ပွဲတစ်ပွဲသာရရှိထားသည့် မန်ယူအသင်းသည် ဖိအားများဖြင့် ရင်ဆိုင်နေခဲ့ရာ ပွဲစစချင်း တိုက်စစ်ဆင်ကစားခဲ့ရာမှ ပွဲချိန် ၁၀ မိနစ်တွင် တွမ်မီနေးဖန်တီးမှုကို ဒန်နီရယ်ဂျိမ်းစ် သွင်းယူခဲ့၍ မန်ယူတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ အိမ်ရှင်ဆောက်သမ်တန်အသင်းသည်လည်း ချေပဂိုးရရှိရန် တန်ပြန်တိုက်စစ်ဆင်ခဲ့ရာ ဒုတိယပိုင်း ၅၈ မိနစ်တွင် ကီဗင်ဒန်ဆို၏ဖြတ်တင်ဘောကို နောက်တန်းကစားသမား ဗက်စ်တာဂတ်ခေါင်းတိုက်သွင်းယူခဲ့၍ ဆောက်သမ်တို့ ချေပဂိုးရရှိခဲ့သည်။ နှစ်သင်းစလုံးသည် တန်ပြန်တိုက်စစ်များဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာမှ ပွဲချိန် ၇၃ မိနစ်တွင် ဆောက်သမ်တန် နောက်တန်းကစားသမား ကီဗင်ဒန်ဆို နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည်။ မန်ယူအသင်းသည် တစ်ယောက်အသာဖြင့် တိုက်စစ်မြှင့်ခဲ့ရာ ဆောက်သမ်တန် နောက်တန်းကို မကျော်နိုင်ခဲ့ဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယင်းပွဲတွင် ဧည့်သည်မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၂၁ကြိမ်အထိရရှိကာ ရှစ်ကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင်ဆောက်သမ်တန်အသင်းသည် ၁၀ကြိမ်ကန်သွင်းခွင့်ရရှိခဲ့ပြီး နှစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ နည်းပြဆိုးလ်ရှား၏ မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၄)ပွဲယှဉ်ပြိုင်အပြီးတွင် ပွဲဦးထွက်နိုင်ပွဲတစ်ပွဲသာအနိုင်ရရှိထားပြီး တစ်ပွဲရှုံး နှစ်ပွဲသရေဖြင့် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ရာ ရာသီအစ ဖိအားများဖြင့် ရင်ဆိုင်နေရသည်။

ပရီမီယာလိဂ် ပွဲစဉ်(၅)တွင် မန်ယူအသင်းသည် အိမ်ကွင်းတွင် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆောက်သမ်တန်အသင်းသည် အဝေးကွင်း၌ ရှက်ဖီးလ်ယူနိုက်တက်ကို သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၄)မှ အခြားပွဲစဉ်ရလဒ်များဖြင့် မန်စီးတီးအသင်းသည် အိမ်ကွင်းအီတီဟတ်ကွင်း၌ ဘရိုက်တန်ကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ချယ်လ်ဆီးနှင့် ရှက်ဖီးလ်ယူမှာ တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့ပြီး ပဲလေ့စ်က ဗီလာကို တစ်ဂိုး- ဂိုးမရှိ၊ လက်စတာက ဘုန်းမောက်ကို သုံးဂိုး-တစ်ဂိုး၊ ဝက်စ်ဟမ်းက နော့ဝှစ်ချ်ကို နှစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်နှင့် ဝက်ဖို့ဒ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

**သီဟ**

❑ ကျော်ဖုံးမှ

ဟံသာဝတီအသင်းကို နှစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရပြီး ဒဂုံနှင့် စစ်ကိုင်းအသင်းတို့ တစ်ဂိုးစီသရေ၊ ရှမ်းယူနိုက်တက်နှင့် MFF Youth အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ပြိုင်ပွဲအပြီးတွင် MFF Youth အသင်းက ၅၈ မှတ်ဖြင့် ချန်ပီယံဆုရခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၀ ဖြင့် ဒုတိယ၊ ရန်ကုန်အသင်းက ၄၃ မှတ်ဖြင့် တတိယရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့် MFF Youth အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ တတိယဆုရ ရန်ကုန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ဒုတိယဆုရ ရှမ်းယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ ပထမဆုရ MFF Youth အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အမှုဆောင်၊ ရောဝတီအသင်းဥက္ကဋ္ဌ ဦးမင်းလှိုင်၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

MFF Youth အသင်းသည် လက်ကျန် နှစ်ပွဲအလိုကတည်းက ချန်ပီယံဆုရခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ များစွာ ဝင်ရောက်ယှဉ်ပြိုင်နေရသည့် မြန်မာ ယူ- ၁၈ အသင်းအား ပြိုင်ပွဲအတွေ့အကြုံရစေရန် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေသည်။

**ညီမြတ်သော်တာ**



ပထမဆုရ MFF Youth အသင်း ဆုဖလားနှင့် အောင်ပွဲခံနေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

## နေရာကွက်၍ မိုးကြီးနိုင်မည်

**နေပြည်တော် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

## နိုင်ငံ့ဂုဏ်ဆောင်တိုက်ကွမ်ဒို အားကစားသမားများအား သန်လျင်၌ ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၃၁**

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေ၊ ငွေ ဆုတံဆိပ်များ ရရှိခဲ့ကြသည့် သန်လျင်တိုက်ကွမ်ဒိုကလပ်မှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ နံနက် ၉ နာရီက သန်လျင်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။





အခမ်းအနားတွင် သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်နှင့် သန်လျင်တိုက်ကွမ်ဒိုကလပ်နာယက ဦးတင်ဝင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ရွှေတံဆိပ်ဆုရ မမေမြတ်နိုးဦး(အထက၊ဂျမား-သန်လျင်)အား သန်လျင်တိုက်ကွမ်ဒိုကလပ်ဥက္ကဋ္ဌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်က **(အောက်ဓါတ်ပုံ)** လည်းကောင်း၊ ငွေတံဆိပ်ဆုရ မောင်ပြည့်ဖြိုးကျော် (အထက-၁ သန်လျင်)အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသူများနှင့် အုပ်ချုပ်သူ၊ နည်းပြ၊ အလှူရှင်များအား သန်လျင်တိုက်ကွမ်ဒိုကလပ်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်တိုးတို့က ငွေသားနှင့် ဆုကလပ်များ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အသင်းအုပ်ချုပ်သူ ဦးစိုးကြည်နှင့် ရွှေတံဆိပ်ဆုရမမေမြတ်နိုးဦးတို့က ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းတင်ပြကြသည်။

ယနေ့အခမ်းအနားတွင် အလှူရှင် ဦးစိုးကြည်မိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ သန်လျင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာများက အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



# မြစ်ကြီးနားမြို့ပေါ် လုယက်မှုနှင့် မြစ်ကြီးနားကမ္ဘောဇဘဏ်ခွဲ လုယက်မှု ကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၁**

မြစ်ကြီးနားမြို့ပေါ်တွင် ဩဂုတ် ၆ ရက်က လုယက်မှု ကျူးလွန်သူများကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ယခင် လုယက်မှုကျူးလွန်သည့်ဖြစ်စဉ်ကိုပါ ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့တပ်ကုန်းရပ်ကွက်နေ ဒေါ်ဖုံးဝမ်သည် ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကိုယ်ပိုင်ယာဉ်ဖြင့် ကမ္ဘောဇဘဏ်ခွဲ အမှတ်(၁)မှ ငွေကျပ်သိန်း ၂၃၀ ကို ထုတ်ယူပြီး နေအိမ်သို့ ညနေ ၄ နာရီခန့် ပြန်လည်ရောက်ရှိစဉ် နေအိမ်အပြင်ဘက်၌ လူငယ်သုံးဦးသည် Honda Fit ယာဉ်ဖြင့် ရောက်ရှိလာခဲ့ကြောင်း၊ လူငယ်နှစ်ဦးက ဒေါ်ဖုံးဝမ်အား ဓားဖြင့်ထောက်၍ ငွေကျပ်သိန်း ၂၃၀ ပါ အထုပ်ကို ဆွဲယူထွက်ပြေးသွားမှုကြောင့် ၎င်းတို့ကို အရေးယူပေးပါရန် ဒေါ်ဖုံးဝမ်က တိုင်တန်းသဖြင့် မြစ်ကြီးနား မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ အမှုအား ကချင်ပြည်နယ် ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ မသင်္ကာသူ မတူးမာ(ခ) တိုးတိုးလွင်အား ဖော်ထုတ်ရမိပြီး ၎င်း၏ခင်ပွန်းဖြစ်သူ မြစ်ကြီးနားမြို့နေ ခင်မောင်ဇင်(၃၁ နှစ်)၊ ရဲဇော်ထွန်း(ခ)ဘိုဘို(၂၆ နှစ်)၊ သက်ထွေး (၂၉ နှစ်)တို့ သုံးဦးက ဒေါ်ဖုံးဝမ် ထံမှ ငွေကျပ်သိန်း ၂၃၀ ကို လုယူခဲ့ခြင်းဖြစ်သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း။

၎င်းတို့သုံးဦးအား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် Honda Fit မော်တော်ယာဉ်နှင့် ပါဆုံးသွားသော သက်သေခံပစ္စည်းအချို့အား ပြန်လည်သိမ်းဆည်းရမိခဲ့ကာ ၎င်းတို့အနေဖြင့် အခြားပြစ်မှုများကိုလည်း ကျူးလွန်ခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း။

၎င်းတို့ ယခင်ကျူးလွန်ခဲ့သည့်ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ အမှတ်(၁) ဈေးအပေါ်ထပ်ရှိ ကမ္ဘောဇမီနီဘဏ်သို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၃ နာရီခန့်တွင် မျက်နှာဖုံးအုပ်ထားသည့် လူငယ်လေးဦးက သေနတ်အတိုဖြင့် ခြိမ်းခြောက်ပြီး ငွေကျပ်သိန်း ၉၂၀ နှင့် ဘဏ်ဝန်ထမ်း သုံးဦး၏ လက်ကိုင်ဖုန်းများကို လုယူသွားခဲ့သည့်အတွက် မြစ်ကြီးနားမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားသော လုယက်မှုကို သက်ထွေး၊ ခင်မောင်ဇင်တို့နှင့်အတူ ဦးကဲ(ခ)အောင်ဆန်းထွေး၊ နိုင်မင်းထွန်းတို့ လေးဦးက ပူးပေါင်း၍ ကျူးလွန်ခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပါဆုံးသွားသော သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိရေးနှင့် အခြားအမှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ ဆက်လက်စိစစ်ဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



သက်ထွေး



ဦးကဲ(ခ)အောင်ဆန်းထွေး



ရဲဇော်ထွန်း(ခ)ဘိုဘို



ခင်မောင်ဇင်



နိုင်မင်းထွန်း

## မြန်မာ့ရုပ်မြင်သံကြား

၁-၉-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - ရာသီတုပ်ကွေးရောဂါကို မိမိကစ၍ ကာကွယ်ပါ
၉း၃၀ - MRTV Travelogue
၁၀း၀၀ - Sunday Talk
၁၂း၃၀ - ဆေးလိပ်ဆေးရွက်ကြီး ကင်းဝေးစေရေး(ကာတွန်း)
၁၂း၃၅ - This Week's Special Interest
၁၂း၅၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "ထမင်းဆီဆမ်းရွှေလင်ဗန်းနဲ့" (ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ နွဲ့နွဲ့မူ၊ ချိုပြုံး) (ဒါရိုက်တာ-မောင်မောင်မြင့်)

**ညပိုင်း**

၁၆း၂၀ - အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့
၁၇း၅၅ - ရေကြီးရေလျှံမှုအတွက် ဘာတွေပြင်ဆင်ထားနိုင်မလဲ
၁၈း၂၅ - အခြေခံမူလတန်းဆင့် သင်ရိုးသစ်(Jica)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးရှင်သခင်မ" (အပိုင်း-၁၃)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀ - ငလျင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ကြိုတင်ပြင်ဆင် ကာကွယ်ကြပါစို့(ရုပ်ကွက်)
၂၀း၃၅ - "လပတ်မိုးလေဝသ အခြေအနေ"
- "REDD+ နှင့် မဟာဗျူဟာ"
- "သူငယ်ချင်းသုံးယောက် ရှိလေသည်"
- "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်"
- ပြည်သူ့နီတိ "နှိုင်းယှဉ်၍မရသော"

## သန်လျင်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ကာ လူ ၂၀ ဒဏ်ရာရ

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ခြောက်လမ်းသွားလမ်းမကြီး၌ ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီခန့်က ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ရာ လူ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သန်လျင်မြို့မ ရဲစခန်းမှ သိရသည်။

သန်လျင်မြို့ ခြောက်လမ်းသွား လမ်းမကြီးအတိုင်း အမှတ်(၂) ဒဂုံ တံတားဘက်မှ ငါးပြေမကျေးရွာဘက်သို့ သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာနေသူ ယာဉ်မောင်း ကိုရှိန်းကိုကို (၂၂ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် BGO 7N/----- ဟွန်ဒိုင်း ပေါ်တာတူးယာဉ်သည် သန်လျင်မြို့နယ် ငါးပြေမကျေးရွာ အနီးအရောက်တွင် အရှိန်လွန်တိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသော အမျိုးသားလေးဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၀ ဒဏ်ရာရရှိသဖြင့် သန်လျင် အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသလျက်ရှိပြီး ယာဉ်မောင်းအား သန်လျင်မြို့မရဲစခန်း၌ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ဝိုင်ဘီအက်-၁၆ ယာဉ်တစ်စီး အင်ဂျင်ခန်းအပူလွန်ကဲ၍ မီးလောင်

**ရန်ကုန် ဩဂုတ် ၃၁**

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းမပေါ် ရှစ်မိုင်လမ်းဆုံအနီးတွင် ဩဂုတ် ၃၀ ရက် ညနေပိုင်းက အောင်မင်္ဂလာအဝေးပြေးဝင်းမှ ဒဂုံဈေးအဝေးပြေးဝင်းသို့ ပြေးဆွဲသော YBS -16 ခရီးသည်တင်ယာဉ်တစ်စီး အင်ဂျင်ခန်းအပူလွန်ကဲကာ မီးလောင်သဖြင့် မရမ်းကုန်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## ဘားအံမြို့နယ်ရှိ ကမ်းကပ်ခုံအက်ကွဲနိမ့်ကျသွားသော တံတားနှစ်စင်းအား ဘေလီတံတားအစားထိုး တည်ဆောက်ပြီးစီး၍ ယာဉ်များ ပုံမှန်သွားလာနိုင်

**ဘားအံ ဩဂုတ် ၃၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ သံလွင်တံတား-ကော့ကျိုက်-ဇာသပြင် (အဖြောင့်လမ်း)ပေါ်ရှိပေ ၂၀ ရှိသော တံတားတစ်စင်း၏ ကမ်းကပ်ခုံမှာ အက်ကွဲနိမ့်ကျသွားသည့်အတွက် တံတားအထူးအဖွဲ့(၁၄)မှ ပေ ၄၀ ဘေလီသံပေါင်တံတား အစားထိုးတည်ဆောက်ပြီးစီးပြီဖြစ်၍ ယမန်နေ့ညပိုင်းက ကုန်တင်ယာဉ်ကြီးများ မူလလမ်းကြောင်းအတိုင်း သွားလာနေကြပြီဖြစ်သည်။

အလားတူ သံလွင်တံတား-ကော့ကျိုက်-နောင်လုံ-အိန္ဒုလမ်းပိုင်းရှိ မြပြည်တံတားကမ်းကပ်ခုံအက်ကွဲ နိမ့်ကျမှုအား (ယာဉ်+ကုန်) ၃၆ တန်အထိ ဖြတ်သန်းသွားလာနိုင်ရန် ဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီးခဲ့သဖြင့် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းမှစ၍ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနေပြီဖြစ်ကာ ၃၆ တန်အထက် ကုန်တင်ယာဉ်ကြီးများမှာ ဇာသပြင်-ကော့ကျိုက်-သံလွင်တံတား လမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာစေလျက်ရှိကြောင်း သိရသည်။

ယခုအခါ ရန်ကုန်-ဘားအံမှ ကော့ကရိတ်-မြဝတီသို့တက်မည့် ၃၆ တန်နှင့် အောက်ကုန်တင်ယာဉ်ကြီးများအနေဖြင့် သထုံ-သံလွင်တံတား(ဘားအံ)-ကော့ကျိုက်- နောင်လုံတောင်ကြား-အိန္ဒု- သာမည- ကျားကလေး- ကျုံဒိုး-ကော့ကရိတ်- မြဝတီလမ်းအတိုင်း၊ ၃၆ တန်နှင့်အထက် ကုန်တင်ယာဉ်ကြီးများအနေဖြင့် သထုံ-သံလွင်တံတား (ဘားအံ)-ဇာသပြင်-အိန္ဒု- ကျားကလေး-ကျုံဒိုး-ကော့ကရိတ်-မြဝတီလမ်းအတိုင်းနှင့် မြဝတီ-ကော့ကရိတ်မှ ဘားအံ-ရန်ကုန်သို့ ဆင်းမည့်ယာဉ်များအနေဖြင့် မူလလမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာနေကြပြီဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဗိုလ်တထောင်မြို့နယ်၌ လုယက်မှုကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၃၁**

ဗိုလ်တထောင်မြို့နယ်၌ ဩဂုတ် ၃၀ ရက်က ဈေးဆိုင်တစ်ဆိုင်အတွင်း လုယက်မှုကျူးလွန်သူနှစ်ဦးကို အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဦး---- သည် ဩဂုတ် ၃၀ ရက် ညနေပိုင်းက G & G ဈေးဆိုင်၌ ညပိုင်းဈေးရောင်းနေစဉ် အသက်(၂၀) ခန့်ရှိ လူငယ်နှစ်ဦးရောက်ရှိလာပြီး ၎င်းတို့နှစ်ဦးအနက် တစ်ဦးက အအေးတစ်ဘူးအား ရက်လွန်သည်ဟု ဆိုသဖြင့် သွားရောက်ကြည့်ရှုစဉ် ဦး------အား လက်ကိုနောက်ပြန်ကြိုးတုပ်၍ စတိုခန်းအတွင်းထည့်ထားခဲ့ကြောင်း၊ ထို့နောက် ကျန်လူငယ်တစ်ဦးက ငွေကျပ် ၆၀၃၃၃၀၊ ဖုန်းတစ်လုံးနှင့် ပစ္စည်းမျိုးစုံတန်ဖိုး ငွေကျပ် ၅၀၀၀၀ ခန့်အား ယူဆောင်သွားသဖြင့် ဗိုလ်တထောင်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူနှစ်ဦးသည် ယခင် G & G ဈေးဆိုင်တွင် အလုပ်လုပ်ကိုင်ခဲ့ဖူးသူ စိုင်းဇော်ဇော်နှင့် မင်းခန့်ကျော်တို့ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ယင်းနေ့ ည ၁၁ နာရီခွဲတွင် ဖမ်းဆီးရမိ၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မိတ္ထီလာမြို့နယ်၌ ယာဉ်တစ်စီး သစ်ပင်ဝင်တိုက် တစ်ဦးသေဆုံး

**မိတ္ထီလာ ဩဂုတ် ၃၁**

မိတ္ထီလာ-တောင်ကြီးကားလမ်း၌ ယာဉ်တစ်စီး သစ်ပင်ဝင်တိုက်မိ၍ ယာဉ်မောင်းသေဆုံးသွားကြောင်း သိရသည်။

မိတ္ထီလာမြို့ အရှေ့ဘက်လေးမိုင်အကွာ မိတ္ထီလာ-တောင်ကြီး သွားကားလမ်း ပန်းတော်ဆက်ကျေးရွာအနီး မိုင်တိုင်အမှတ်(၆)တွင် ဩဂုတ် ၃၁ ရက်က သာစည်ဘက်မှ မိတ္ထီလာဘက်သို့ တောင်ကြီးမြို့ အောင်သပြေရပ်ကွက်နေ ကားပွဲစား ဝေယံစိုး (၂၃ နှစ်) မောင်းနှင်လာသော YGN-3F/----- တိုရိုတာကရောင်းယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိ ကုက္ကိုပင်အား ဝင်ရောက်တိုက်မိသည်။ ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ဇွဲညီညီသန်းတွင် ဒဏ်ရာအနည်းငယ်ရရှိပြီး ဝေယံစိုးတွင် ဒဏ်ရာများရရှိသဖြင့် မိတ္ထီလာဆေးရုံသို့ တင်ပို့ထားစဉ် သေဆုံးသွားသောကြောင့် အမှတ်(၂)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

## ထီးချိုင့်မြို့နယ်တွင် အမျိုးသမီးတစ်ဦး မိုးကြိုးထိမှန်သဖြင့် သေဆုံး

**ထီးချိုင့် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ရွှေအင်ကြင်းကျေးရွာတွင် အမျိုးသမီးတစ်ဦး မိုးကြိုးထိမှန်သေဆုံးသွားကြောင်း သိရသည်။

ယမန်နေ့ နံနက် ၁၀ နာရီခန့်က ထီးချိုင့်မြို့နယ် ကမ်းနီနယ်မြေရဲကင်းစခန်းမှူး ရဲအုပ် သိန်းဇော် ဦးစီးသောအဖွဲ့သည် အမျိုးသမီးတစ်ဦး မိုးကြိုးထိမှန်သဖြင့် သေဆုံးသွားကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ထီးချိုင့်မြို့နယ် ရွှေအင်ကြင်းကျေးရွာနေ မညိုသန်းဆိုသူသည် ၎င်း၏ နေအိမ် အောက်ထပ်မြေကြီးပေါ်တွင် ထိုင်နေစဉ် မိုးကြိုးထိမှန်သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ ထီးချိုင့်မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဇော်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အာသံပြည်နယ်တွင် နိုင်ငံသားစာရင်းထုတ်ပြန်လိုက်သည့်အတွက် လူဦးရေ နှစ်သန်းနီးပါး နိုင်ငံကင်းမဲ့သည့်အခြေအနေနှင့် ရင်ဆိုင်နေရ

**နယူးဒေလီ ဩဂုတ် ၃၁**

ဗဟိုအစိုးရက လိုလားသည့်ပုံစံအတိုင်း နိုင်ငံခြားမှ စိမ့်ဝင်နေထိုင်သူများကို မောင်းထုတ်ရန်ရည်ရွယ်၍ အာသံပြည်နယ်တွင် နိုင်ငံသားစာရင်းထုတ်ပြန်လိုက်ပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းတွင် လူဦးရေ နှစ်သန်းနီးပါး နိုင်ငံကင်းမဲ့သည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း နိုင်ငံတကာ သတင်းများတွင် ဩဂုတ် ၃၁ ရက်က ဖော်ပြသည်။

လူဦးရေ ၃၁ ဒသမ ၁ သန်းသည် နိုင်ငံသားဖြစ်မှုစာရင်းတွင် ပါဝင်နေကြောင်း သိရသော်လည်း လူဦးရေ ၁ ဒသမ ၉ သန်းသည် တရားမဝင်နေထိုင်သူများဖြစ်ကြောင်း အာသံပြည်နယ် အစိုးရစာရင်းများအရ သိရသည်။ အဆိုပါများပြားလှသော တရားမဝင်ဖြစ်လာသည့် လူဦးရေများသည် အစ္စလာမ် ဘာသာဝင်များဖြစ်သည်။

ဗြိတိသျှနယ်ချဲ့အုပ်စိုးစဉ်ကာလနှင့် ၁၉၇၁ ခုနှစ်ဝန်းကျင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးတိုက်ပွဲများကြောင့် အိန္ဒိယနိုင်ငံသို့ သန်းချီထွက်ပြေးလာခဲ့ရာ အာသံပြည်နယ်သို့ နေရာပေါင်းစုံမှ ဝင်ရောက်နေထိုင်သူများ အများအပြားရှိသည်။

ရာစုနှစ်များစွာကြာပြီးနောက် ယခုဖြစ်ရပ်များသည် အာသံပြည်နယ်ကို ပြည်တွင်းဘာသာရေးများနှင့် လူမျိုးရေးဆိုင်ရာ တင်းမာမှုများ ရောထွေးယှက်တင်နေသည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေခဲ့ပြီး ရေရှည်ဖြေရှင်းချက်တစ်ခုရရှိအောင် ဖိအားပေးခြင်းခံနေရသည့် အနေအထားတစ်ခုသို့ ရောက်ရှိနေစေသည်။ မကြာခဏဖြစ်ပွားလေ့ရှိသည့် အကြမ်း ဖက်မှုများတွင်လည်း လူဦးရေ ၂၀၀၀ သေစေခဲ့သည့် ၁၉၈၃ ခုနှစ် အဖြစ်အပျက်များလည်း ပါဝင်ခဲ့သည်။

နိုင်ငံသားဖြစ်မှုစာရင်းများ မထုတ်ပြန်မီ အာသံပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၀၀၀၀ ကိုလည်း ထပ်မံဖြန့်ကြက်ထားကာ အချို့နေရာများတွင် လူစုလူဝေးများကိုလည်း တားဆီးပိတ်ပင်ထားကြောင်း သိရသည်။

အကယ်၍ နိုင်ငံသားဖြစ်ခွင့်တောင်းဆိုသူများ ရှိပါကလည်း ၎င်းတို့၏ ဘိုးဘေးများသည် ၁၉၇၁ ခုနှစ်မတိုင်မီ အိန္ဒိယတွင် နေထိုင်သူများဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အာသံပြည်နယ်ရှိ ကလေးငယ်များကို တွေ့ရစဉ်။

# ကွန်ဂိုနိုင်ငံတွင် အီဘိုလာကူးစက်ရောဂါပိုးကြောင့် သေဆုံးသူ ၂၀၀၀ ရှိလာ

**ကင်ရှာဆာ ဩဂုတ် ၃၁**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် အီဘိုလာကူးစက်ရောဂါပိုးကြောင့် သေဆုံးသူ ၂၀၀၀ အထိ ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ယမန်နေ့က သတင်းထုတ်ပြန်လိုက်သည်။

ဖော်ပြပါ သေဆုံးသူအရေအတွက်ကို WHO က အတည်ပြုနိုင်ခဲ့ပြီးနောက်ထပ်အလားအလာရှိသူ အရေအတွက် ၃၀၀၀ အထက်ရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

အီဘိုလာဗိုင်းရပ်စ်ပိုးသည် နေရာသစ်များဆီ ဆက်လက်ပျံ့နှံ့ခဲ့ပြီး လွန်ခဲ့သည့် တစ်လခွဲအတွင်း အရေအတွက်လျော့ကျမသွားဘဲ အပတ်စဉ် ကူးစက်နှုန်းသည် ပျမ်းမျှအားဖြင့် ၇၇ ဦးခန့်ရှိကြောင်း WHO အဖွဲ့က ပြောသည်။




အီဘိုလာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နေသည့်ဒေသမှ ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

ကွန်ဂိုအရှေ့ဘက်ခြမ်းမှ လူဦးရေ နှစ်သိန်းကျော်ကို ကြိုတင်ကာကွယ်ဆေးထိုးခြင်း၊ ကုသခြင်းများ လုပ်ဆောင်ခဲ့သော်လည်း အီဘိုလာဗိုင်းရပ်စ်ပိုးသည် ဆက်လက်ပျံ့နှံ့နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

ရောဂါကူးစက်ခံနေရသည့် နယ်စွန်နယ်ဖျားဒေသနှင့် ပဋိပက္ခဖြစ်နေသည့် ဒေသများတွင် လူများက ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကို အယုံအကြည်မရှိသောကြောင့် ရောဂါ ထိန်းချုပ်ရေးအတွက် အခက်အခဲများ ဖြစ်နေကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လမှစပြီး အီဘိုလာကြောင့် သေဆုံးသူ ၂၀၀၀ နီးပါးရှိခဲ့သည်။ အီဘိုလာဗိုင်းရပ်စ်ပိုးသည် ရောဂါအခံရှိသည့် လူ့ခန္ဓာကိုယ်မှတစ်ဆင့် ကူးစက်ခြင်းမျိုးဖြစ်နိုင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်သမ္မတနှင့် အီရန်သမ္မတတို့ ဆွေးနွေးရန် အီးယူက ထောက်ခံ

**ဝါရှင်တန် ဩဂုတ် ၃၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီတို့အကြား နားလည်မှုဆွေးနွေးပွဲ ဖြစ်လာရန် အားထုတ်မှုများကို ဥရောပသမဂ္ဂ (အီးယူ)ကလည်း ထောက်ခံကြောင်း အီးယူမှ အရာရှိကပြောသည်။

အီးယူမှ နိုင်ငံခြားရေး မူဝါဒဆိုင်ရာ အကြီးအကဲ ဖီဒီရီကာမိုဟီနီသည် ဖင်လန်နိုင်ငံ မြို့တော် ဟယ်ဆင်ကီမြို့၌ ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အီရန်နျူကလီးယားစာချုပ်အကြောင်း ဆွေးနွေးပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆွေးနွေး ညှိနှိုင်းမှုများအတွက် လမ်းဖွင့်ပေးရန်မှာ အရေးကြီးကြောင်းကိုလည်း ဖီဒီရီကာမိုဟီနီကပြောသည်။ မှန်ကန်သည့် အခြေအနေများအောက်တွင် သမ္မတထရမ့်နှင့် အီရန်သမ္မတတို့၏ တွေ့ဆုံမှုဖြစ်လာနိုင်ကြောင်း ဂျီ-၇ အစည်းအဝေးတွင် ထရမ့်က ပြောကြားခဲ့ပြီးနောက် ယင်းအချက်ကို ကိုးကားပြီး ဖီဒီရီကာက ယခုလို ပြောဆိုခဲ့ခြင်းဖြစ်သည်။



အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ကို ထိန်းသိမ်းရန် အရေးကြီးကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဥရောပတိုင်းပြည်များသည် ၂၀၁၅ ခုနှစ် နျူကလီးယားစာချုပ်အောက်တွင် အီရန်ကို စီးပွားရေးအကူအညီများပေးနိုင်ရေး နည်းလမ်းများ ရှာဖွေလျက်ရှိသည်။

သို့သော် ယခုအချိန်အထိတိုင်အောင် လုံလောက်သည့်နည်းလမ်း ရှာဖွေ မရသေးပေ။ အီရန်ဘက်မှလည်း ယူရေနီယံသန့်စင်မှုကို တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။ အီရန်နှင့် ဆွေးနွေးပွဲများပြုလုပ်လိုလျှင် အမေရိကန်ဘက်မှ ပိတ်ဆို့ထားမှုများကို အရင် ဆုံးဖြတ်ရုပ်သိမ်းပေးရမည်ဟု အီရန်ဘက်မှ အခိုင်အမာပြောဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အလာဘားမားပြည်နယ် ကျောင်းဘောလုံးပွဲတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

**ဝါရှင်တန် ဩဂုတ် ၃၁**

အမေရိကန်ပြည်ထောင်စု အလာဘားမားပြည်နယ် အထက်တန်းကျောင်း ဘောလုံးပြိုင်ပွဲအပြီးတွင် အသက် ၁၅ နှစ်နှင့် ၁၈ နှစ်ကြား လူ ၁၀ ဦးထက်မနည်း သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသည်ဟု ဒေသခံရဲများက ပြောသည်။

ဆိပ်ကမ်းမြို့ဖြစ်သည့် မိုဘိုင်းမြို့၌ ဘောလုံးပြိုင်ပွဲအပြီးတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပစ်ခတ်မှုအပြီးတွင် လူ ၁၀ ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း မီးသတ်ကယ်ဆယ်ရေးတပ်ဖွဲ့က ပြောသည်။

ဆေးရုံပို့ဆောင်ပေးခဲ့ရသည့် လူ ၁၀ ဦးတွင် ငါးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ သို့သော် စိုးရိမ်ရသည့်အခြေအနေမရှိကြောင်း သိရသည်။ ပစ်ခတ်မှုအပြီး လူနှစ်ဦးကို သံသယရှိသူများအဖြစ် ဖမ်းဆီးထားကြောင်း၊ သို့သော် ၎င်းတို့မှာပစ်ခတ်မှုကျူးလွန်သူများဟု အတည်မပြုနိုင်သေးကြောင်း သိရသည်။ အများပြည်သူ ကြည့်ရှုနေကြသည့် ဘောလုံးပွဲတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်အတွက် မိုဘိုင်းမြို့ ရဲဌာနမှ အကြီးအကဲဖြစ်သူ လောရင့်ဘတ်စ်တစ်က အဆိုပါဖြစ်ရပ်ကို ရှုတ်ချခဲ့သည်။

**ဆင်ဟွာ**

# မြေထဲပင်လယ်ရှိ အီရန်ရေနံတင်သင်္ဘောကို အမေရိကန်က အမည်ပျက်စာရင်းသွင်း

**ဝါရှင်တန် ဩဂုတ် ၃၁**

ရေနံသယ်ဆောင်မှုနှင့်ပတ်သက်ပြီး အကြိမ်ကြိမ်သတိပေးမှုများ ပြုလုပ်ပြီးနောက်တွင် အီရန်ရေနံတင်သင်္ဘော အက်ဒရိန်း ဒါရာ ၁ ကို အမေရိကန်က အမည်ပျက်စာရင်း သွင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

**ဆက်လက်ထိန်းသိမ်းထားရန် ကြိုးပမ်းခဲ့**

အဆိုပါသင်္ဘောကို ယခင်က ဂရေ့စ် ၁ ဟု ခေါ်ဝေါ်ခဲ့သည်။ အဆိုပါသင်္ဘောကို ဂျီဘရော်လ်တာအာဏာပိုင်များက ခြောက်ပတ်ကြာ ဖမ်းဆီးခဲ့ပြီးနောက်မြေထဲပင်လယ်ထဲသို့ ပြန်လည်ခုတ်မောင်းလာခဲ့ခြင်းဖြစ်သည်။ အမေရိကန် အာဏာပိုင်များက အဆိုပါသင်္ဘောကို ဆက်လက်ထိန်းသိမ်းထားရန် ကြိုးပမ်းခဲ့သော်လည်း ဂျီဘရော်လ်တာက ပြန်လွှတ်ပေးခဲ့သည်။

**အမည်ပျက်စာရင်းသွင်းခဲ့**

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုပါသင်္ဘောကို ပိတ်ဆို့လိုက်ကြောင်း၊ အက်ဒရိန်းဒါရာ ၁ သင်္ဘောကို ကူညီထောက်ပံ့သည့် မည်သူကိုမဆို ပိတ်ဆို့မှု ပြစ်ဒဏ်ခံရမည်ဟု ဩဂုတ် ၃၀ ရက်တွင် ကြေညာခဲ့သည်။ အဆိုပါသင်္ဘောမှ ရေယာဉ်မှူး အက်ဟီလက် ကူမာကိုလည်း အလားတူအမည်ပျက်စာရင်းသွင်းခဲ့သည်။

ယင်းသင်္ဘောသည် လက်ဘနွန်သို့ ဦးတည်ခုတ်မောင်းနေကြောင်း တူရကီ၏ ပြောကြားမှုကို လက်ဘနွန်အစိုးရက ငြင်းဆိုခဲ့သည်။ သင်္ဘောပေါ်တွင် ရေနံစည်ပေါင်း ၂ ဒသမ ၁သန်းခန့်ပါရှိပြီး အမေရိကန်ဒေါ်လာ သန်း ၁၄၀ခန့် တန်ဖိုးရှိသည်ဟု သိရသည်။ အီရန်ဘက်မှလည်း ဆီးရီးယား၏ မဟာမိတ်နိုင်ငံသို့ ရေနံရောင်းချခြင်း မဟုတ်ဟု ငြင်းဆိုခဲ့သည်။

လက်ဘနွန်စွမ်းအင်ဝန်ကြီးကလည်း ရေနံစိမ်းများဝယ်ယူခဲ့ခြင်းမရှိကြောင်း၊ လက်ဘနွန်တွင် ရေနံချက်စက်ရုံပိုင်ဆိုင်ခြင်းမရှိကြောင်း စွမ်းအင်ဝန်ကြီး နာဒါဘော့စတာနီက ပြောသည်။ ထို့အပြင် လက်ဘနွန်နိုင်ငံထံ မည်သည့်သင်္ဘောမှလည်း ကမ်းကပ်ခွင့်တောင်းခံထားခြင်းမရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ရန်ကုန်-လားရှိုး-မူဆယ်သို့ ပြေးဆွဲနေသည့် ဂျူပီတာခရီးသည် ယာဉ်တစ်စီး မီးရှို့ခံရ အဝေးပြေးခရီးသည် ယာဉ်လိုင်းအများစု ပုံမှန်အတိုင်း ပြေးဆွဲသွားမည်

**မူဆယ် ဩဂုတ် ၃၁**

ရန်ကုန်-လားရှိုး-မူဆယ်သို့ ပြေးဆွဲနေသည့် ဂျူပီတာယာဉ်လိုင်းမှ ယာဉ်တစ်စီးသည် ဩဂုတ် ၂၉ ရက်က လားရှိုးမြို့အနီး လက်နက်ကိုင်အဖွဲ့များ၏ မီးရှို့ဖျက်ဆီးခံခဲ့ရသဖြင့် ဂျူပီတာယာဉ်လိုင်းများ ပြေးဆွဲရန် ယာယီရပ်နားထားမည်ဟု ဂျူပီတာယာဉ်လိုင်းဂိတ်မှူး၏ ပြောကြားချက်အရ သိရသည်။

"နစ်နာမှုတွေ ရှိနေတဲ့အတွက် ယာဉ်လိုင်းတွေ ဆက်မပြေးဆွဲရဲသေးဘူး။ ယာဉ်လိုင်းတွေ ဆက်ဆွဲနေရင် နစ်နာမှုတွေ ပိုများလာနိုင်ပါတယ်။ လမ်းကြောင်းတွေ တည်ငြိမ်မှုရှိတဲ့အခါမှပဲ ခရီးသည်ယာဉ်လိုင်းတွေ ပြန်လည်ပြေးဆွဲပါတော့မယ်" ဟု ဂျူပီတာယာဉ်လိုင်းဂိတ်မှူးက ပြောကြားသည်။

"ဂျူပီတာယာဉ်လိုင်းတွေ ယာယီရပ်နားမှာဖြစ်တဲ့အတွက် ဝန်ထမ်းတွေ၊ ယာဉ်မောင်းတွေ စားဝတ်နေရေး အခက်အခဲတွေရင်ဆိုင်ကြုံတွေ့နေရမှာဖြစ်ပါတယ်။ မိုးရာသီကာလဖြစ်တဲ့အတွက် ယာဉ်မောင်းတွေလည်း တခြားယာဉ်လိုင်းပြောင်းပြီး ပြေးဆွဲဖို့ မလွယ်ကူပါဘူး" ဟု ဂျူပီတာယာဉ်လိုင်းမှ ယာဉ်မောင်း ကျော်ကျော်က ပြောကြားသည်။

သို့သော် သိန်းသန်းချီအဝေးပြေးယာဉ်လိုင်းမှ ခရီးသည်ယာဉ်လိုင်းများဖြစ်သည့် ဝင်းနားယာဉ်လိုင်း၊ GI Group နှင့် ရွှေလီဦးယာဉ်လိုင်းတို့အပါအဝင် ခရီးသည်ယာဉ်လိုင်းအများစုသည် ခရီးသည်များနှင့် ယာဉ်မောင်းများ၏ ပုံမှန်ပြေးဆွဲရန် လိုလားမှုများကြောင့် ယာဉ်လိုင်းအများစု ပုံမှန်အတိုင်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

"ဂျူပီတာခရီးသည်ယာဉ်လိုင်း မီးရှို့ခံရတာ ကြားပါတယ်။ ဒါပေမယ့် လက်မှတ်တွေလည်း ရောင်းထားပြီးသားဆိုတော့ ခရီးသည်တွေကလည်း ပြန်ချင်ကြတာကြောင့် ဆက်ထွက်ဖို့ ပြင်ဆင်လိုက်တာပါ" ဟု ဝင်းနားဂိတ်မှူးက ပြောကြားသည်။

တိုက်ပွဲများဖြစ်ပြီးနောက် မူဆယ်မြို့ သိန်းသန်းချီကားကြီးဝင်းမှ ခရီးသည် အဝေးပြေးယာဉ်လိုင်းများသည် ဩဂုတ် ၂၇ရက်မှ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိသော်လည်း ဂျူပီတာခရီးသည် ယာဉ်တစ်စီးမီးရှို့ခံရခြင်းကြောင့် အဝေးပြေးခရီးသည် ယာဉ်လိုင်းများ ဆက်လက်ပြေးဆွဲရန် အခက်ကြုံနေရခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# ပေါင်းတည်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာတချို့ရေနစ်မြုပ်

**ပေါင်းတည် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများ ကျဆင်းမှုကြောင့် ယနေ့နံနက် ၇ နာရီခန့်က ပန်းသင်ပင်ကျေးရွာတွင် လူနေအိမ် ၁၃၄ လုံး ရေနစ်မြုပ်ကာ လေးလုံးပြိုလဲပျက်စီးခဲ့သည်။

အဆိုပါရေကြီးမှုကြောင့် ဝဲကြီးဆည်လက်ဝဲမြောင်းမကြီး အမှတ် ၁၅၀၀၀ နှင့် ၂၀၀၀၀ တို့တွင် မြောင်းပေါင်များ ၁၅ ပေခန့်စီပြိုကျသွားပြီး ရိုးမပတ်လမ်းပေါ်သို့ ရေကျော်မှုကြောင့် မြေနီကုန်းရွာထိပ်ရေကျော်အနီးရှိ ရေပြွန်မှာလည်း ပျက်စီး၍ သွားလာမှုခေတ္တပြတ်တောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ရေလျှံမှုကြောင့် ခြောက်လုံးပြူးရွာ၊ မဲခေါင်းရွာ၊ အင်းကြီးရွာ၊ မကျီးကုန်းရွာ၊ ကျွန်းတိုင်းရွာ၊ နွားခြံကုန်းရွာများရှိ လမ်းများ၊ နေအိမ်များ၊ စပါးစိုက်ခင်းများနှင့် စာသင်ကျောင်းများ ရေဝင်နစ်မြုပ်လျက်ရှိကာ စာသင်ကျောင်း ရှစ်ကျောင်း ခေတ္တပိတ်ထားရသည်။

အဆိုပါရေနစ်မြုပ်ရာနေရာများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များက ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်းနှင့် အစားအသောက်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်-မင်းသားကြီး**



# (၃၁-၈-၂၀၁၉)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆း၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော် အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၄၇၄ | ၃၇.၅၅ | ၃၂၄၅၃ | ၅.၂၈ | ၁.၅၅ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၀ | ၆၉.၁၀ | ၁၉၀၂ | - | ၀.၃၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုဟ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၄၀ | ၅၃၃၃၀ | - | ၁.၄၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၄ | ရေသိုးရေလှောင်တမံ | တောင်ငူခရိုင်/ | ၅၀ | ၁၅၅၀၀ | ၅၁.၄၀ | ၁၇၅၇၉ | ၁.၄၁ | ၁.၄၀ |
| | | အုတ်တွင်းမြို့ | ၂၂.၈၅ | ၇၂၅ | | | | |
| ၅ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၅၀ | ၂၄၀၀ | ၂.၀၀ | ၀.၅၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၆ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၇.၅၀ | ၂၅၆၀ | ၃.၀၀ | ၁.၅၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| ၇ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၂.၂၀ | ၆၈၂၂၇၃ | ၂.၇၃ | ၃.၂၀ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၄၉ | | | | |
| ၈ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၃.၅၀ | ၃၆၀၀၀ | ၁.၃၆ | ၀.၅၀ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | |
| ၉ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၁.၄၀ | ၁၁၅၆၈ | ၀.၇၀ | ၁.၄၀ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | |
| ၁၀ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၂.၇၀ | ၂၇၁၇၆ | ၂.၁၀ | ၀.၇၀ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | |
| ၁၁ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၀၂ | ၄၀.၁၀ | ၁၉၅၆၀ | ၁.၂၂ | ၀.၆၀ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | |
| ၁၂ | ရွှေပြည်(၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၃၀ | ၃၈၄၀ | ၀.၇၀ | ၀.၃၀ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အနောက်)** | | | | | | |
| ၁၃ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၆.၄၀ | ၂၂၂၀၀၀ | ၀.၄၅ | ၁.၄၀ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | |
| ၁၄ | ဘော်ဘင်ရေလှောင်တမံ (၂) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၀.၁၀ | ၂၆၆၈၆ | ၀.၅၀ | ၀.၁၀ |
| | (ဘော်ဘင်ချောင်း) | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | |
| ၁၅ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၆.၅၅ | ၅၅၈၀၀ | ၀.၁၂ | ၀.၅၅ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၁၆ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၂၀ | ၃၈၅၄၉၆ | - | ၁.၂၀ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | |
| ၁၇ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၁.၅၀ | ၆၃၆၇၅၅ | ၀.၆၃ | ၁.၅၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၁၈ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၀.၉၀ | ၁၂၃၆၀၀ | ၂.၂၇ | ၀.၉၀ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၁၉ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၉၀ | ၃၃၄၆၆၀ | - | ၃.၄၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| ၂၀ | ပဒဲရေလှောင်တမံ | သရက်ခရိုင်/ | ၁၀၅ | ၃၂၈၉၀ | ၁၀၆.၀၀ | ၃၄၂၂၈ | ၃.၀၀ | ၁.၀၀ |
| | | အောင်လံမြို့ | ၇၈ | ၈၉၃၀ | | | | |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| ၂၁ | လွန်ငင်ရေလှောင်တမံ | မိတ္ထီလာခရိုင်/ | ၂၈.၅ | ၄၃၄ | ၂၉.၆၀ | ၅၁၄ | - | ၁.၁၀ |
| | | မိတ္ထီလာမြို့ | ၂၄ | ၂၀၇ | | | | |
| ၂၂ | ချောင်းကောက်ရေလှောင်တမံ | ရမည်းသင်းခရိုင်/ | ၆၅.၅ | ၁၃၆၅၀ | ၆၇.၅၀ | ၁၅၁၂၅ | ၁.၅၀ | ၂.၀၀ |
| | | ပျော်ဘွယ်မြို့ | ၅၄ | ၅၀၀၀ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၂၃ | ဝါးပါးရေလှောင်တမံ | **သထုံခရိုင်/** | ၆၁ | ၄၁၅၀ | ၆၂.၀၀ | ၄၃၀၅ | ၄.၇၅ | ၁.၀၀ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| ၂၄ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၄.၁၀ | ၅၅၁၃၈ | ၅.၀၃ | ၁.၁၀ |
| | | ပေါင်မြို့ | ၂၆ | ၁၁၇၅ | | | | |
| ၂၅ | ရွှေနတ်တောင်ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၅၀ | ၅၃၃၇ | ၁.၁၂ | ၀.၅၀ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | |
| ၂၆ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၀၀ | ၁၅၅၂၇ | ၁.၂၄ | ၀.၂၀ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၂၇ | ငမိုးရိပ်ရေလှောင်တမံ | ရန်ကုန် (မြောက်ပိုင်း)ခရိုင်/ | ၆၂ | ၁၈၀၀၀၀ | ၆၂.၇၀ | ၁၈၅၆၀၀ | ၀.၈၈ | ၀.၇၀ |
| | | လှည်းကူးမြို့ | ၃၆ | ၁၂၀၀၀ | | | | |
| ၂၈ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၃.၃၅ | ၁၈၀၂ | ၀.၇၀ | ၀.၃၅ |
| | | ကျောက်တန်းမြို့ | ၂.၅၀ | ၁၅၀ | | | | |
| ၂၉ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၂.၂၀ | ၅၅၀၅ | ၀.၄၇ | ၀.၂၀ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၃၀ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၈.၁၀ | ၄၀၅၃၅ | - | ၀.၁၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၃၁ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၄.၁၀ | ၁၄၅၁၈၉ | - | ၀.၁၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

## ကျိုက်ဒုံမြို့၌ ရေကြီးနစ်မြုပ် မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေး ထောက်ပံ့ပေးအပ်

**ကျိုက်ဒုံ ဩဂုတ် ၃၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံဒေသ၌ ဩဂုတ်လပထမပတ်မှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှု၊ ဟောင်သရော မြစ်ရေလျှံတက်လာခြင်းကြောင့် မိုးစပါးလယ်ယာမြေများအပေါ် ရေလွှမ်း ၁၄၃၄ ဧက၊ ထိခိုက် ၁၂၃၅ ဧက၊ ပျက်စီးမှု ၆၈၅ ဧက ပျက်စီးခဲ့ရကြောင်း ကျိုက်ဒုံမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ကြောင့် ရေကြီးနစ်မြုပ်မိုးစပါးများကို အချိန်မီပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် ဩဂုတ်လနောက်ဆုံးပတ်က စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများက ဝင်းလုံကျေးရွာခန်းမဆောင်၌ တောင်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်ရန်ပုံငွေဖြင့် ရေကြီးနစ်မြုပ်၊ ထိခိုက်၊ ပျက်စီးသွားသော တောင်သူများအတွက် ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်လှမြင့်က မိုးစပါးထိခိုက်ပျက်စီးသွားသည့် လယ်ကို ထူထောင်စိုက်ပျိုးရန်၊ သားတက်ခွဲ၍ စိုက်ပျိုးခြင်း၊ ပျိုးထောင်နည်းစနစ်များကို ရှင်းလင်းပြောကြားခြင်း၊ မြေစာရင်းဦးစီးမှူးက လယ်ယာမြေပုံစံ(၇) များနှင့် ပတ်သက်၍ သိကောင်းစရာများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးတာဝန်ခံ ဦးစောပန်းစိန်က ကျွဲ၊ နွား၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများ၊ ကြိုတင်ကာကွယ်ဆေးထိုးကြရန် ပြောကြားသည်။ ဆက်လက်၍ ဝင်းလုံကျေးရွာ ဦးအေးသောင်းလယ်မြေ၌ စုပေါင်းပျိုးထောင်ခြင်း သရုပ်ပြပွဲကို တောင်သူများနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**သန်းထွန်းနိုင် (ပြန်/ဆက်)**

## နမ့်ခမ်းမြို့၌ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ သင်တန်းပို့ချ

**နမ့်ခမ်း ဩဂုတ် ၃၁**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် စာရင်းတွင် ပါဝင်နိုင်ရန် ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာသင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းတင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မင်းနိုင်က အခြေခံမဲစာရင်း မှန်ကန်စွာ ပြုစုနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စနစ်တကျ တိကျမှန်ကန်စွာ စာရင်းကောက်ယူပြီး သတ်မှတ်ထားသည့် အချိန်အတွင်း အချိန်မီပေးပို့ဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးဇင်မောင်က အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာများကို ပို့ချပေးခဲ့သည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေသောနေရာပေါင်း ၂၀ ခန့်ရှိ

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုမိုးတွင်းကာလ၌ ကမ်းပြိုမှုဖြစ်ပွားသည့်နေရာ ရှစ်နေရာရှိပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသောနေရာပေါင်း ၂၀ ခန့်ရှိသည်။



ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

တွံတေးမြို့နယ် အဒွန်းကျေးရွာအုပ်စု သံကြိုးတိုင်အထက်တန်းကျောင်းရှေ့၊ မြောက်ဥက္ကလာပမြို့နယ် ဝဇီရာလမ်းအနီး၊ ထန်းတပင်မြို့နယ် စံကင်းကြီးကျေးရွာ၊ မှော်ဘီမြို့နယ် ရေပေါ်သဲကျေးရွာအနီး၊ ဒဂုံဆိပ်ကမ်းမြို့နယ် (၉၃) ရပ်ကွက်၊ တိုက်ကြီးမြို့နယ် ကွေ့ကုန်းကျေးရွာအနီး၊ ကော့မှူးမြို့နယ် ရေကျော်ကျေးရွာအနီး၊ ရွှေပြည်သာမြို့နယ် တောင်မုနိအနီးတို့တွင် ကမ်းပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဝင်းလှိုင်က "အဖျောက်ဆိုရင် မြစ်ကြောင်းသွင်ပြင်အရ မြစ်ကွေ့ဘက်မှာရှိနေတဲ့ ကမ်းပြိုကမ်းစားမှုဟာ နှစ်စဉ်ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ နှစ်စဉ်ဖြစ်ပေါ်တဲ့အတွက် ကမ်းပြိုကမ်းစားမှုတွေ မဖြစ်အောင် ရေလမ်းကြောင်းတွေ၊ မြို့အခြေအနေ ရေနက်ကြောင်းတွေ ဝေးကွာအောင် ရေလမ်းထိန်းရေကာတွေ၊ တိုက်ရိုက်ကမ်းပြိုမှုကာကွယ်ရေးတွေ ဆောင်ရွက်ပေးခဲ့ရပါတယ်" ဟု ပြောသည်။

တွံတေးတူးမြောင်းသည် စတင်ဖောက်လုပ်ခဲ့သည့် အနေအထားမှ လက်ရှိအချိန်အထိ ရေလမ်းကြောင်းများ ကျယ်လာပြီး ရေစူးလည်း ပိုနက်လာကာ မြစ်ချောင်းများ၏ သဘာဝအရ ကမ်းပြိုကမ်းစားမှုများ ဖြစ်ပွားလာသည့်အတွက် တွံတေးတူးမြောင်းအတွင်း ရေဝင်အားကို ထိန်းရန်လိုအပ်လာသည်။ တိုးမြစ်အတွင်း စီးဆင်းသည့် ရေနှင့် တွံတေးတူးမြောင်းအတွင်း စီးဆင်းသည့်ရေကို မျှခြေဖြစ်အောင် ထိန်းရန်လိုအပ်သည့်အတွက် တွံတေးတူးမြောင်းထိပ် ၂၁ မိုင်တွင် ရေဝင်အားကို ထိန်းနိုင်မည့် ရေလမ်းထိန်းရေကာများ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တွံတေးမြို့ရှေ့ရှိ ကမ်းပြိုမှုများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီး တွံတေးမြို့ခြေရှိ ရေနက်ကြောင်းကို မြို့နှင့်ဝေးကွာအောင် ရေကာများတည်ဆောက်၍ ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တွံတေးတူးမြောင်း ၁၉ မိုင်နှင့် မိုင် ၂၀ နေရာများတွင် ဝဲနှစ်ခုဖြစ်ပေါ်လျက်ရှိရာ ရေလမ်းထိန်းရေကာများ ဆောင်ရွက်ထားကြောင်း၊ ထို့ပြင် ၃ မိုင်ခွဲနှင့် ၇ မိုင်အကြားတွင် ယခင်ဘဏ္ဍာနှစ်က ဆောင်ရွက်ခဲ့သော ကမ်းပြိုကမ်းပါးကာကွယ်ရေးလုပ်ငန်းများကို ဆင့်ပွားဆောင်ရွက်လျက်ရှိပြီး တွံတေးတူးမြောင်း ၁ မိုင်ခွဲနေရာ ဒလဘက်ပိုင်းတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်မြစ်၊ ရန်ကုန်မြစ်၊ မှော်ဝန်းချောင်း၊ ဘောလယ်မြစ်၊ ပန်းလှိုင်မြစ်၊ ပဲခူးမြစ်၊ ငမိုးရိပ်ချောင်း၊ ကုက္ကိုဝမြစ်၊ ခနောင်တိုချောင်း၊ တွံတေးတူးမြောင်း၊ တိုးမြစ်၊ ရောဝတီမြစ်တို့ စီးဆင်းလျက်ရှိပြီး စုစုပေါင်းရေလမ်းမိုင် ၃၁၈ ဒသမ ၆ မိုင် ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

## မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေး အသိပညာပေး

**ရမည်းသင်း**

ရမည်းသင်းမြို့ အ-ထ-က(၁)အနော်ရထာခန်းမ၌ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခြင်းကို ဩဂုတ် ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့၊ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဖြိုးမောင်၊ ရဲအုပ် ထွန်းလှမင်းနှင့် ဒုရဲအုပ် ဇော်လင်းတို့က ကျောင်းသား ကျောင်းသူ ၆၀၀ တို့ကို မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၁-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၅၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၈၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၅၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၈၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၈၅ ကျပ် | ၈၉၅/၉၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၈၉၅ ကျပ် | ၉၁၀/၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၇၈၅ ကျပ် | ၈၁၅/၈၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၇၅ ကျပ် | ၉၂၀/၉၃၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၁ ・ ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၀ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ ・ ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၂ ・ ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၉ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၂ ・ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ ・ ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၂၈၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၁ ・ ၀၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၇၃၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၂၄၀၂ | ၂၈၆၇၄၀၀၀ |
| MTSH | ၄၁၀၀ | ၄၁၀၀ | ၁၁၁၄၇ | ၄၅၇၀၂၇၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၀ | |
| FPB | ၂၅၅၀၀ | ၂၆၀၀၀ | ၃ | ၇၈၀၀၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၆၁၅ | ၁၈၇၅၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သိမှတ်စရာအဖြာဖြာ (General Knowledge)

## သက်တံကြီးမှာ ဘယ်အရောင်တွေပါသလဲ

ကေ - ဂျူဝယ်လ်

**မနက်မိုးလင်းတာနဲ့ ပြတင်းပေါက်အပြင်ကနေ ဝင်လာတဲ့အလင်းရောင်ကို ကလေးတို့ သတိထားမိကြသလား။ နေမင်းကြီးဆီကနေ ရောက်လာတဲ့ အလင်းရောင်ကြောင့် နေ့ခင်းဘက်မှာ မမတို့အားလုံး အရာရာကို ရှင်းရှင်းလင်းလင်းမြင်ကြရတယ်လေ။ အဲဒီအလင်းရောင်ဟာ ပကတိမျက်လုံးနဲ့ကြည့်မယ်ဆိုရင်တော့ ရေလိုအကြည်ရောင်လို့ မြင်ရပေမယ့် သူ့မှာရောင်စဉ်တွေ ပါဝင်နေပါတယ်။ အဲဒီအရောင်တွေက ဘယ်လိုအရောင်တွေဖြစ်မယ်လို့ ကလေးတို့ထင်ပါသလဲ။**





သက်တံကို ကလေးတို့မြင်ရဖို့ဆိုရင် အချက်သုံးချက်နဲ့ ကိုက်ညီရမှာဖြစ်ပါတယ်။ ပထမဆုံးက သုံးမြှောင့်သဏ္ဍာန် မိုးရေစက်ကလေးတွေ ကောင်းကင်တိမ်ထုမှာ ရှိနေရမှာပါ။ ဒုတိယတစ်ချက်ကတော့ နေရောင်ခြည်က အဲဒီမိုးစက်မိုးမှုန်ကလေးတွေကို ဖြတ်သန်းသွားရမှာပါ။ ဖြတ်သန်းတဲ့အခါ အလင်းဟာ မတူညီတဲ့ရိုက်ထောင့်တွေကနေ ပြန်ပြီးထွက်သွားတတ်ကြပါတယ်။ တတိယအချက်ကတော့ ကလေးတို့ဟာ မိုးစက်တွေရှိတဲ့ တိမ်တွေနဲ့ နေမင်းကြီးရဲ့ ကြားမှာရှိနေဖို့တော့ လိုအပ်ပါတယ်။ ဒါမှသာ သက်တံကြီးကို မြင်တွေ့ရမှာဖြစ်ပြီးတော့ သက်တံကြီးက ကလေးတို့မျက်စိနဲ့ဆိုရင် ၄၂ ဒီဂရီမှာ ရှိနေလို့ မျက်ခုံးလို ခုံးခုံးလေး မြင်တွေ့ကြရတာဖြစ်ပါတယ်။

ရောင်စဉ်တွေဟာ စိတ်ဝင်စားစရာလည်းကောင်းပြီး သက်တံတိုင်းဟာ နေရဲ့ မျက်နှာချင်းဆိုင်အရပ်မှာပဲ ရှိတတ်ကြပါတယ်။ အလင်းတွေမှာ လှိုင်းတွေကိုယ်စီရှိကြပြီး အပေါ်ဆုံးက အနီရောင်ကို ကလေးတို့က သက်တံကြီးရဲ့ အထင်ရှားဆုံးအရောင်အဖြစ် ခပ်ကြီးကြီးမြင်ရမှာဖြစ်သလို အကွေးရဲ့အောက်ဆုံးက ခရမ်းရောင်လေးကိုတော့ ခပ်ပါးပါးသာမြင်တွေ့ရမှာပါ။ သက်တံကြီးကို ကြည့်ပြီး မမတို့ငယ်ငယ်က စိတ်ကူးယဉ်ခဲ့ကြတာတွေရှိတာပေါ့။ သက်တံကြီးကို မြင်ရင်ကံကောင်းတတ်သလို ဆုတောင်းရင်လည်း ပြည့်သတဲ့။ သက်တံကြီးရဲ့အစဆီကို လိုက်ရှာပြီး သက်တံပေါ်ကနေ မိုးပေါ်က နတ်သမီးလေးတွေဆီသွားနိုင်သတဲ့။ မမရဲ့သူငယ်ချင်း ပြောဖူးတာတော့ သက်တံကြီးတွေက လူ့ပြည်နဲ့ နတ်ပြည်ကို ဆက်ထားတဲ့ တံတားကြီးတဲ့လေ။

နေက နေ့စဉ်ရရှိလာတဲ့ အဲဒီအလင်းရောင်ထဲက ခရမ်းရောင်ကိုတော့ ခရမ်းလွန်ရောင်ခြည်လို့ခေါ်ပြီး လူသိများပါတယ်။ နေရောင်ခြည်ဟာ ရောဂါပိုးတွေကို သေစေနိုင်သလို နေရောင်ခြည်ကလာတဲ့ ခရမ်းလွန်ရောင်ခြည် လွန်ကဲရင်လည်း ဘေးဥပဒ်တွေကြုံရတတ်ပါတယ်။ ဒီတစ်ပတ်မှာတော့ သဘာဝတရားကြီးထဲက ကလေးတို့ နေ့စဉ်မြင်နေရအောင်ကူညီပေးတဲ့ နေရောင်ခြည်အကြောင်းနဲ့ သက်တံရောင်စဉ်တွေအကြောင်းကို မိတ်ဆက်ပေးလိုက်တဲ့အတွက် ဖတ်ရှုပြီးသွားရင် ကလေးတို့လည်း သက်တံကြီးကို ရှာကြည့်ပေးကြပါဦးနော်။ ။

အဲဒီလိုမျိုး နေရောင်ကနေ ကလေးတို့ဆီ ရောက်လာတဲ့အလင်းရောင်မှာတော့ ရောင်စဉ်ခုနစ်မျိုး ပါဝင်ပါတယ်တဲ့။ အနီရောင်၊ အစိမ်းရောင်၊ လိမ္မော်ရောင်၊ အဝါရောင်၊ အပြာရောင်၊ မဲနယ်ရောင်နဲ့ ခရမ်းရောင်တို့ပဲဖြစ်ပါတယ်။ ပုံမှန်အားဖြင့်တော့ ကလေးတို့က အဲဒီရောင်စဉ်ခုနစ်မျိုးကို မြင်နေကြတာမဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် အလင်းယိုင်သွားတာမျိုးကြုံမှသာ ကလေးတို့က နေရဲ့အလင်းရောင်မှာ ရောင်စဉ်တွေပါတယ်ဆိုတာကို သိနိုင်မှာပါ။

ရောင်စဉ်ခုနစ်မျိုးကို သဘာဝအတိုင်းတွေ့နိုင်တဲ့အခြေအနေမျိုးတော့ရှိပါတယ်။ အဲဒါက ကလေးတို့ မြင်ဖူးကြမှာဖြစ်တဲ့ သက်တံကြီးပဲပေါ့။ မိုးရွာပြီးလို့ နေမင်းကြီး ပြန်ထွက်လာပြီဆိုရင် ကလေးတို့ သက်တံကြီးကို မြင်တွေ့ရနိုင်ပါတယ်။ မိုးပေါ်က ရောင်စုံကွေးကွေးကြီးဟာ သက်တံကြီးပဲပေါ့။ သက်တံကြီးမှာမြင်ရတဲ့ အရောင်တွေကတော့ နေမင်းကြီးဆီကနေ အားလုံးထံကို ရောက်လာပေးနေတဲ့ အလင်းရောင်မှာပါဝင်တဲ့ အရောင်တွေပဲပေါ့ကွယ်။ သက်တံဘာကြောင့်ဖြစ်ရသလဲဆိုရင် နေကလာတဲ့ အလင်းရောင်နဲ့ မမတို့ကမ္ဘာကြီးပေါ်က တိမ်တိုက်တွေက ရေစက်ရေမှုန်လေးတွေ တွေ့ကြတဲ့အခါ အလင်းယိုင်ပြီး ဖြာထွက်လာတာကြောင့် ရောင်စုံသက်တံကြီးတွေအဖြစ် မြင်တွေ့ရတာဖြစ်ပါတယ် ကလေးတို့ရေ။



# လောကဝတ် (Etiquette)

## ဓာတ်လှေကားစီးကြမယ်

မမမေ

**ဓာတ်လှေကားစီးတာပျော်စရာကောင်းသလားကလေးတို့ရေ။ မမတို့ငယ်ငယ်တုန်းကတော့ ဘုရားတွေသွားမှ စီးဖူးရတာ။ အခုအချိန်မှာတော့ တိုက်အမြင့်ကြီးရဲ့ အပေါ်ထပ်ဖြစ်ဖြစ်၊ ဈေးဝယ်စင်တာတွေဖြစ်ဖြစ် ဓာတ်လှေကားတပ်ဆင်ပြီး စီးကြတာ နေရာတကာလိုလိုပါပဲနော်။ ဓာတ်လှေကားစီးနင်းရင်း သူများကို မထိခိုက်စေမယ့် လောကဝတ်လေးတွေလည်း ရှိတယ်ကလေးတို့ရေ။**



ပထမဆုံးအချက်ကတော့ ဓာတ်လှေကားစီးမယ်ဆိုရင် အပေါ်တက်ဖို့ ဒါမှမဟုတ် အောက်ဆင်းဖို့ ခလုတ်လေးကို



ရွေးချယ်ပြီး တစ်ကြိမ်သာ နှိပ်ပါတဲ့။ ခဏခဏနှိပ်ထားမိရင် စက်ကကြောင်ပြီး ပျက်သွားတတ်သလို အရေးတကြီးစီးမယ့် အခြားသူတွေကိုလည်း ထိခိုက်စေမှာကြောင့်ပါကွယ်။ ဒုတိယအချက်က ခလုတ်နှိပ်ပြီးတံခါးမပွင့်သေးရင် တံခါးနားကိုကပ်ပြီး မစောင့်ပါနဲ့တဲ့။ ဒါမှလည်း တံခါးပွင့်သွားပြီး စီးလာမယ့် အခြားသူတွေ အပြင်ထွက်ဖို့ လမ်းကြောင်းရမှာပေါ့။ တတိယအချက် ကတော့ ဓာတ်လှေကားထဲရောက်သွားတာနဲ့ တံခါးကို ပြန်ပိတ်ဖို့ထက် ကိုယ့်နောက်ကနေ အထဲကိုဝင်လာမယ့်သူတွေအတွက် စဉ်းစားပြီး တံခါးမပိတ်သွားစေဖို့ လုပ်ပေးသင့်ပါတယ်တဲ့။ စတုတ္ထအချက်ကတော့ လူပြည့်နေတဲ့ဓာတ်လှေကားအတွင်းကို အတင်းဝင်တိုးတာမျိုးပေါ့။ ကလေးတို့က မလုပ်ဖြစ်အောင် သတိထားရမှာပါ။ ပဉ္စမအချက်ကတော့ ဖုန်းလာလို့ အရေးပေါ်မဟုတ်ဘူးဆိုရင် မကိုင်ဘဲ ကိုယ်သွားချင်တဲ့နေရာရောက်မှသာ ဖုန်းကိုင်သင့်ပါတယ်တဲ့။ နောက်ဆုံးအချက်ကတော့ ဓာတ်လှေကားထဲကို ဝင်တဲ့သူတွေထဲမှာ ကလေးတို့က ရှေ့ဆုံးကဖြစ်ခဲ့မယ်ဆိုရင် ညာအနောက်ဘက်စွန်းကို သွားပြီးရပ်နေသင့်ပါတယ်တဲ့။ ဒါမှ နောက်ဝင်လာတဲ့သူတွေအတွက် နေရာပေးပြီးသားဖြစ်သလို ပြန်ထွက်တဲ့အခါမှာလည်း အပေါက်ရဲ့ညာဘက်အရှေ့ဆုံးကလူက အရင်ဆုံးထွက်ပြီးမှသာ ကျန်တဲ့သူတွေ ထွက်မယ်ဆိုရင် အတင်းတိုးဝှေ့စရာလည်းမလို လောကဝတ်ကိုလည်း သိတတ်တဲ့ ကလေးတွေအဖြစ် ကျေးဇူးတင်သွားကြမယ်ဆိုတာ သိမှတ်ဖွယ်ရာအဖြစ် ဖော်ပြပေးလိုက်ပါတယ်။

### အိမ်ထဲမှာဦးထုပ်ဆောင်းလို့ရသလား

ဦးထုပ်ဆိုတာ နေပူတာ၊ မိုးရွာတာ၊ နှင်းကျတာတွေကို ကာကွယ်ဖို့အတွက် ဆောင်းကြတာပါ။ ကလေးတို့ဆီမှာလည်း ဦးထုပ်တွေ ရှိကြတယ်မဟုတ်လား။ ဦးထုပ်ကြီးဆောင်းပြီး အိမ်ထဲမှာ နေနေကြတာမျိုး ကြုံဖူးလား။ ပုံမှန်ကတော့ ဦးထုပ်ကို အိမ် ဒါမှမဟုတ် အဆောက်အအုံအပြင်မှာပဲ သုံးကြတာပေါ့။ မိန်းကလေးတွေအတွက်တော့ ဦးထုပ်က နေပူမိုးရွာကို ကာကွယ်ပေးတာအပြင် အလှအပအတွက်လည်း သုံးကြတာရှိသတဲ့။ ဒါကြောင့်လည်း မိန်းကလေးတွေအတွက် ဦးထုပ်ဆောင်းခွင့်ပြုထားတဲ့ အခြေအနေလည်းရှိသတဲ့။ ကလေးတို့ ကျောင်းက စာသင်ခန်းမှာ ဦးထုပ်ဆောင်းပြီးစာသင်မယ်ဆိုရင် ဆရာမက ဆူမှာ အသေအချာပေါ့။ ဒါပေမယ့် မျက်နှာကိုလည်း မကွယ်ဘဲ၊ အလှအပအတွက် ရည်ရွယ်ထားတဲ့ ချစ်စဖွယ် ဖဲပြားလေးတွေနဲ့ ဦးထုပ်ကိုသာ ဆောင်းထားမယ်ဆိုရင် အဲဒီကျောင်းသူမလေးကို ဆရာမက ဆူမှာမဟုတ်တော့ဘူး။ လောကဝတ်အရ မိန်းကလေးတွေဟာ ဦးထုပ်ကို ချစ်စဖွယ်လှလှပပနဲ့ မျက်နှာမကွယ်အောင်



ဆောင်းထားမယ်ဆိုရင် အဆောက်အအုံအတွင်းမှာလည်း ဆက်ပြီးဆောင်းထားနိုင်ပါသတဲ့။ ဒါပေမယ့် ယောကျ်ားလေးတွေကတော့ ဦးထုပ်ကို အိမ်ထဲတို့၊ အဆောက်အအုံထဲတို့မှာ ဆောင်းထားတာ မသင့်တော်ပါဘူးတဲ့။ မမတို့ မိန်းကလေးတွေအတွက်က ဆောင်းခွင့်ရှိတယ်ဆိုပေမယ့် ဖြစ်ကတတ်ဆန်း ဆောင်းလို့တော့ မရဘူးပေါ့နော်။ နောက်တစ်ခုက မိန်းကလေးတွေက အိမ်ထဲမှာဆောင်းထားတဲ့ ဦးထုပ်ကို ချွတ်မယ်ဆိုရင် ကိုယ့်ရဲ့ရှေ့ညာဘက်ခြမ်းမှာပဲ ထားကြရမယ်တဲ့။ ကလေးတို့လည်း ဦးထုပ်ဆောင်းရင် ဘယ်လိုဆောင်းမလဲ၊ ဘယ်နေရာမှာ ချွတ်မလဲဆိုတာ ဖြေကြည့်ကြပါဦးနော်။ ။




HTOO
ဟိတ်..ချာတိတ်
ငှက်များအသက်ကို မသတ်ရဘူးလေ။
ဒီငှက်ကို မပျံနိုင်အောင် လုပ်ချင်လို့ပါ။
မလုပ်ရဘူးကွ...ငှက်တို့မှာအတောင် ပါရှိလို့ လေထဲပျံနိုင်တာ ပျံပါစေကွာ...
ကျွန်တော်တို့က ဘာလို့လေထဲမှာ မပျံနိုင်တာလဲ။
ငှက်ဆိုတာ..ငှက်တို့မျိုးရိုးဗီဇအရ အတောင်ပံပါပြီး တချို့က လေထဲမှာပျံသန်းနိုင်ကြတယ်။လူတွေမှာကျတော့..
အတောင်ပံမပါကြဘူးလေ။ ဒါပေမယ့် လူဆိုတာတိရစ္ဆာန်တွေထက်အသိဉာဏ်မြင့်မားတဲ့အတန်းအစားဖြစ်တဲ့အတွက်
တိရစ္ဆာန်တွေအပေါ်သနား ကြင်နာစိတ်တွေထားကြရမယ်။ ငှက်ဆိုတာ လူတွေကိုရန်မပြုကြဘူးလေကွာ
ဩော်..ဟုတ်ကဲ့..ကျွန်တော် လည်း ငှက်တွေကိုရန်သူလို သဘောမထားတော့ပါဘူး ဦးလေးရယ်။
ကောင်းလေကွ..


CARTOON:
တောက်တောက်
ဒီခေတ်မှာ သိပ္ပံပညာဟာ အရေးပါလာပြီ
မြန်မာကျောင်းသားလေးတွေတောင် နိုင်ငံရပ်ခြားမှာ သိပ္ပံပညာတီထွင်မှုနဲ့ ဆုတွေရလာကြပြီ
အဲဒီတော့ ဖေဖေ့သားလည်း သိပ္ပံပညာတိုးတက်ဖို့ ကြိုးစားရမယ်နော်
ကြည့်စမ်း ငိုက်နေလိုက်တာ
သား ဖေဖေ ပြောတာ ကြားလား
ဗျာ အဲ ဟုတ်ကဲ့ဖေဖေ သား ညက လေယာဉ်ပျံ တီထွင်ထားပါတယ်
ဒါဖြင့်သားကွ ပြပါဦး
ဒီမှာလေ
ဝိုး
ဒေါက်
အိပ်ချင်မူးတူးနဲ့ စကားကိုသေချာ နားမထောင်ဘူး အဲ့ဒီလောက်တော့ ၅နှစ် ကလေးပေါက်စတောင် လုပ်တတ်တယ်


သက်စိုး
မီးမီးကို စာမေးရ မလား၊
မေး၊၊
စိုက်ပျိုးသည်ကို ဝါကျဖွဲ့ပါ...
ဖေဖေ သည် ပန်းပင်များကို စိုက်ပျိုးသည်...
မွေးမြူ..
ဖေဖေသည် ဥစားကြက်မများ မွေးမြူသည်...
တော်တယ်ဟ၊ လှဲကျင်း...
ဖေဖေ သည် သစ်ရွက်များကို လှဲကျင်းသည်...
ထွန်ယက်
ဖေဖေသည် မြေကြီးများကို ထွန်ယက်သည်၊
ရှင်းလင်း..
နေ... နေပါဦး၊
မီးမီး တို့ဖေဖေ ဒီနေ့ သိပ်ပင်ပန်းသွားပြီ၊ နောက်နေ့မှ လုပ်မယ်နော်...




သားရေ
တီဗွီဖွင့်ကွယ်..
မေကြီး ကိုရီးယားကားကြည့်ရအောင်
ဟေ့..ဘာကိုရီးယားကားမှ မကြည့်နဲ့
ဘောလုံးပွဲလာနေပြီ
ဘောလုံးပွဲကြည့်မယ်..
ကိုရီးယားကား
ကြည့်မယ်..
ဘောလုံးပွဲပဲ
ကြည့်မယ်ဆို..
ဖေကြီးကလည်း
ဘောလုံးပွဲဆိုတာ လက်ဖက်ရည်ဆိုင်မှာ
အော်ဟစ်အားပေးမှ ပိုကြည့်ကောင်းတာ ဖေကြီးရ..
ဟွန့်
မေကြီး ကိုရီးယားကားကလည်း
မနက်ကြ ပြန်ပြမှာပဲဥစ္စာ
အဲ့ကျမှ ကြည့်လို့ ရတာပဲ..ဟဲဟဲ
သား ကာတွန်းကားက
အပိုင်းအသစ်လာမှာ မေကြီးရ
ကာတွန်းကားပဲ ကြည့်မယ်နော်..နော်


မေမေနဲ့ သားသား
သားရေ့၊ မေမေ ပုံပြင်စာအုပ်တွေ ဝယ်ခဲ့တယ်
ဟုတ်
သား.. ပုံပြင်စာအုပ်တွေ ဖတ်မယ် မဟုတ်လား
အင်!
ဟိုလေ..ဟို၊ အဲ သားမဖတ်သေးပါဘူး မေမေ
သားက ပုံပြင် ကြိုက်တယ်ဆို
ဒီ..ဒီလိုပါမေမေ၊ ညအိပ်ရာဝင်ရင် သားက၊ ပုံပြင်တွေ နားထောင်ချင်တာ
မေမေ ပုံပြောတာကို နားထောင်ရတာ စိတ်ဝင်စားဖို့ကောင်းတယ် အိပ်လို့လည်းကောင်းတယ်
ဒါကြောင့် မေမေပဲ၊ ပုံပြင်ဖတ်ပါ မေမေပဲ ပုံပြောပြပါနော် မေမေနော်...

# မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါဖိတ်ခေါ်စာ(ဒုတိယအကြိမ်)

ရခိုင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် UNDP ၏ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အပံ့ရန်ပုံ ငွေအစီအစဉ်အောက်မှ ရန်ပုံငွေများကို လက်ခံရရှိပြီး ထိုရန်ပုံငွေတစ်စိတ်တစ်ဒေသကို အောက်ဖော်ပြပါမြို့နယ်ရှိ အောက်ပါစီမံကိန်းအတွက် ခွဲဝေချထားပေးပါသည်။

**သံတွဲမြို့နယ်**

စိတ်ပါဝင်စားသည့်ကုမ္ပဏီများသည် အောက်တွင်ဖော်ပြထားသည့်အချိန်နှင့်နေရာတွင် တင်ဒါစာရွက်စာတမ်းကို အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ပြီး တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူမည်ဆိုပါက အောက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းသူများအားလုံးသည် တင်ဒါစာရွက်စာတမ်းတွင် အသေးစိတ်ဖော်ပြပါရှိသည့်လိုအပ်သော အရည်အချင်းသတ်မှတ်ချက်များ မိမိတို့ပြည့်မီကိုက်ညီသည်ကိုမှန်ကန်ကြောင်း အတည်ပြုရန်တာဝန်ရှိပါသည်။

| | |
|---|---|
| ဝယ်ယူသည့်ဌာန | သံတွဲမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန |
| တာဝန်ခံအရာရှိ | ဒေါ်ဆွေဆွေဝင်း<br>ဦးစီးအရာရှိ(မြို့ပြ)<br>ဖုန်း-၀၄၃-၂၀၆၅၀၅၅<br>သံတွဲမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန |
| တည်ဆောက်မှုလုပ်ငန်းဖော်ပြချက် | Lot(2) ငမန်းခဲ-ချောင်းဝကျေးရွာ ချင်းဆက်လမ်းအရှည် ၂/၂ မိုင်လမ်းပေါ်တွင် အရှည် ၀/၂မိုင်အား၃ပေအမြင့် မြေသားပေါင်တင်ခြင်းနှင့် ၂/၂မိုင်အား၁၄ပေ အကျယ်၊ ၆လက်မထု ချောင်းကျောက်စရစ်ခင်းခြင်း၊ ၄င်းလမ်းပေါ်ရှိ (၅'×၂၄'×၅') အတိုင်းအတာရှိသော All RC box culvert ၃ခုနှင့် ကျောက်ရိုးစီ box culvert ၂ခုပေါင်း(၅)ခု တည်ဆောက်ခြင်း |
| တည်ဆောက်မည့်နေရာ | သံတွဲမြို့နယ်၊ ငမန်းခဲနှင့်ချောင်းဝကျေးရွာ |
| အရည်အသွေးစံချိန်စံညွှန်းများ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏သတ်မှတ်ထားသည့် ပြည့်မီစံညွှန်းအတိုင်း |
| ဝယ်ယူမှုနည်းလမ်း | အကြီးစား |
| အရည်အချင်းသတ်မှတ်ချက်များ | - ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင်<br>- မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည်။<br>- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။<br>- အရည်အချင်းမီအင်ဂျင်နီယာဝန်ထမ်းများရှိရမည်။<br>- အလားတူကန်ထရိုက် အနည်းဆုံး(၃)ခုကိုဆောင်ရွက်ဖူးရမည်။<br>- ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>- ၂၀၁၈-၂၀၁၉၏ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>- တင်ဒါစာရွက်စာတမ်းထဲရှိအခြားလိုအပ်ချက်များ |
| တင်ဒါစာရွက်စာတမ်းကိုကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ | ဦးစီးအရာရှိ(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သံတွဲမြို့၊ ဖုန်း-၀၄၃-၂၀၆၅၀၅၅ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန် | ၁-၉-၂၀၁၉ မှ ၁၅-၉-၂၀၁၉ နေ့ထိ ရုံးအချိန်အတွင်း |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | ၅၀၀၀/- |
| တင်ဒါတင်သွင်းရမည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သံတွဲမြို့နယ် |
| တင်ဒါတင်သွင်းရမည့်သတ်မှတ်ထားသော နောက်ဆုံးအချိန် | ၁၅-၉-၂၀၁၉ နေ့ နံနက် ၁၀း၀၀ နာရီအထိသာ |

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာများ၊ ယာယီမြေရှင်အဖြစ်ဆောင်ရွက်သော တိုက်ခန်းများအားကန်ထရိုက်တာထံမှလည်းကောင်း၊ တိုက်ခန်းနေရာချထားခြင်းလက်မှတ် အမည်ပေါက်ထံမှလည်းကောင်း၊ မူလအမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့် ဝယ်ယူထားသူများကလည်းကောင်း၊ အမည်ပေါက်ကွယ်လွန်၍ ခင်ပွန်းနှင့်သမီးထံမှ လည်းကောင်း၊ အမည်ပေါက်ကွယ်လွန်၍ ဇနီးထံမှလည်းကောင်းဝယ်ယူထားသူတို့ကငင်းတို့၏အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပေးရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်ယဉ်ယဉ်စမ်း (ကွယ်လွန်)<br>၁၂/ဗတထ(နိုင်)၀၁၈၆၅၂<br>(ကစ) ဦးခင်မောင်ငြိမ်း ၁၂/သကတ(နိုင်)၁၀၆၉၈၁<br>ဒေါ်အိဖြူဖြူငြိမ်း ၁၂/သကတ(နိုင်)၁၃၆၃၇၉ (မှ) | ဦးဝင်းမိုင်<br>၃/ဘအန(နိုင်)၀၃၄၉၉၀<br>ဒေါ်သင်းမြတ်မိုင်<br>၃/ဘအန(နိုင်)၁၁၃၇၆၁ | တိုက်(A-3)၊ အခန်း(၀၀၁)၊ ရွှေဂင်းသာအိမ်ရာ၊ သာကေတမြို့နယ်။ |
| ၂။ | ဦးကျော်ဝင်း(ကွယ်လွန်)၁၂/ဗဟန(နိုင်)၀၈၀၆၇၇<br>(ကစ)ဒေါ်လတ်လတ် ၁၂/ဗဟန(နိုင်)၀၀၆၃၀၃ (မှ) | HOMG WAN HWAN<br>၁၂/လသန(ပြု)၀၀၀၅၃၄ | အခန်းအမှတ်(၉၀၆)၊ လမ်းမတော်ကွန်ဒိုစင်တာ၊ လသာမြို့နယ်။ |
| ၃။ | ဦးအောင်နိုင်ထွန်း<br>၁၂/မဂတ(နိုင်)၀၇၁၇၇၆ (မှ)<br>ဦးဟုတ်ရီ<br>၁၀/မလမ(နိုင်)၀၃၆၁၀၆ (မှ) | ဦးဇော်မင်းသန်း<br>၁၂/ဒဂတ(နိုင်)၀၂၈၇၉၀<br>ဒေါ်ရှိုလိုင်ဖြူ<br>၇/သဝတ(နိုင်)၀၈၇၁၁၄ | တိုက်(ဘီ-၄)၊ အခန်းအမှတ်(၁၀)၊ ဗညားဒလအိမ်ရာ၊ တာမွေမြို့နယ်။ |
| ၄။ | ဒေါ်လီစိန် (MME-၅၈၇၁၀၆)<br>၁၂/တမန(နိုင်)၀၉၆၇၂၇<br>ဒေါ်နီလာ<br>၁၂/တမန(နိုင်)၀၇၂၃၈၆ (မှ) | ဦးငွေမိုး<br>၁၂/သခန(နိုင်)၀၀၆၂၇၄<br>ဒေါ်တင်တင်ဝင်း<br>၁၂/သခန(နိုင်)၀၀၆၂၄၇ | တိုက်(ဘီ-၁)၊ အခန်းအမှတ်(၁၀၂)၊ (ပထမထပ်)၊ ဗညားဒလအိမ်ရာ၊ တာမွေမြို့နယ်။ |
| ၅။ | ကန်ထရိုက်တာဦးအောင်ဇော်ဝင်း<br>၁၂/ပဘတ(နိုင်)၀၂၉၉၅၁ (မှ)<br>ဦးဇော်မင်း ၁၂/ကတတ(ပြု)၀၀၁၁၆၆ (မှ) | ဦးသန်းကျော်အောင်<br>၁၂/ကတတ(နိုင်)၀၂၉၅၇၉ | တိုက်အမှတ်(၅၃၂/၅၄၂)၊ အခန်း(၇)လွှာ(ဝဲစွန်/ဝဲလယ်)၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၆။ | ဒေါ်မြင့်မြင့်သန်း (ကွယ်လွန်)<br>၁၂/ပလတ(နိုင်)၀၀၁၉၃၆<br>(ကစ) ဦးစိုးမင်းထွန်း ၁၂/မဂတ(နိုင်)၀၈၅၂၀၄(မှ) | ဦးတင်စိုး<br>၁၂/သကတ(နိုင်)၂၁၇၁၅၇ | တိုက်အမှတ်(၂၀၉)၊ အခန်း(၇)လွှာ(ဝဲ)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်။ |
| ၇။ | ဦးအောင်ကျော်နိုင်<br>၁၂/သလန(နိုင်)၀၀၀၅၄၁ (မှ) | ဒေါ်တင်တင်မြ<br>၁၂/မရက(နိုင်)၀၅၆၆၉၆ | တိုက်(အေ)၊ အခန်း(အေ-၁၀၀၅)၊ RiverViewPointCondoအလုံမြို့နယ်။ |
| ၈။ | ဒေါ်ခင်သိန်းကြည်<br>၁၂/အစန(နိုင်)၁၁၈၈၇၁ (မှ) | ဦးရဲဝင့်ထွန်း<br>၁၂/မရက(နိုင်)၁၂၈၆၀၀ | တိုက်(C)၊ အခန်း(၁၁-၀၆)၊ ပုလဲကွန်ဒိုအိမ်ရာ၊ ဗဟန်းမြို့နယ်။ |
| ၉။ | ဦးအေးဇော် (၁၂/ဗဟန(နိုင်)၀၀၆၁၈၅) (မှ)<br>ဦးကျော်ထူး (၁၂/ရကန(နိုင်)၀၉၂၀၄၀) (မှ) | ဒေါ်ညိုညို<br>၁၂/တကန(နိုင်)၀၀၀၆၃၂ | တိုက်(၁)၊ အခန်း(၄၄)၊ ရွှေဂုံတိုင်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်။ |
| ၁၀။ | ဗိုလ်မှူးချုပ်မြင့်စိုး<br>၁၂/မရက(နိုင်)၀၃၀၉၁၇ (မှ) | ဒေါ်သန်းသန်းဝင်း<br>၁၁/မပန(နိုင်)၀၀၀၂၆၁ | တိုက်(B)၊ အခန်း(၀၈-၀၃)၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာမရမ်းကုန်းမြို့နယ်။ |
| ၁၁။ | ဦးကျော်ထျောင် (၁၂/သဃက(နိုင်)၀၂၄၁၃၂) (မှ)<br>ဦးစိုးမြင့် (၇/ပမန(နိုင်)၀၈၈၈၅၄) (မှ) | ဦးရဲထွန်းဝင်း<br>၁၂/လမတ(ဧည့်)၀၀၁၀၁၉ | တိုက်(C)၊ အခန်း(၀၀၃)၊ ဗညားဒလအိမ်ရာ၊ တာမွေမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ သရက်ချောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်၊ ယန္တရား၊ စက်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂-၉-၂၀၁၉ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၂-၁၀-၂၀၁၉ရက်(၁၆း၀၀) နာရီ
တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - သရက်ချောင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၂၀၈၅၈၃၁၊ ၀၉-၂၆၀၅၁၁၆၁၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ တနင်္သာရီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်၊ ယန္တရား၊ စက်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလို ပါသည်။

၂။ လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို တနင်္သာရီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြော်ငြာသင်ပုန်းတွင်ဖော်ပြထားမည်ဖြစ်ပါ သည်။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂-၉-၂၀၁၉ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၂-၁၀-၂၀၁၉ရက်(၁၆း၀၀) နာရီ
တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - တနင်္သာရီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၀၂၄၇၂၆၃၊ ၀၉-၇၇၅၃၂၆၅၂၈၊ ၀၉-၄၂၂၂၁၂၁၆၆တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ပုသိမ်မြို့၊ ပုသိမ်ခရိုင်တရားရုံးတော်၌ ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၄၉

ဒေါ်မေတင်ရီ (စက်တော်ရာ ဘိုးဘွားရိပ်သာ၊ ပုသိမ်မြို့) တရားလို

နှင့်

(၁)ဒေါ်မာမာဝင်း (၂) ဒေါ်မိုးမိုးကြည် (၃) ဒေါ်ခိုင်ခိုင်သင်း (၄) ဦးရန်နိုင်ဝင်း (၅) ဦးတင်ထွန်းဝင်း (၆)ဦးအေးကြည် (၇) ဒေါ်သီတာသိန်း(၈) ဒေါ်သူဇာသိန်း (၉)ဦးတင်ထွန်းအောင် (၁၀)ဦးအောင်အောင် (၁၁) ဒေါ်ဝင်းဝင်းမော် (၁၂)ဦးကျော်စိုးညွှန့် (၁၃) ဦးမျိုးဇော်ညွှန့် (၁၄) ဒေါ်ခင်ငြိမ်းချမ်း (၁၅)ဒေါ်ရွှေစင် (၁၆) ဦးဒီမိုပိုင် (၁၇) ဒေါ်ခင်ခင်ရီ (၁၈) ဦးရွှေမြင့်အောင် (၁၉) ဦးမျိုးမြင့်အောင် (၂၀)ဒေါ်ချိုချိုအောင် (၂၁)ဦးသော်ဇင် (၂၂) ဦးဇော်ထွန်းအောင် (၂၃)ဒေါ်သိန်းသိန်း (၂၄)ဒေါ်ဖြူဖြူခိုင် (၂၅) ဦးအောင်နိုင်(၂၆) ဒေါ်တင်တင်ခိုင် (၂၇)ဦးဇော်ကြီး (၂၈) ဒေါ်အေးအေးခိုင် (၂၉) ဦးတောက်ထွန်း (၃၀)ဦးသောင်းညွှန့် (၃၁)ဒေါ်နွယ်နွယ်ဝင်း (၃၂) ဒေါ်သိန်းသိန်း (၃၃)မယဉ်ယဉ်ထက် (၃၄)မောင်ရဲသူရိန် (၃၅) ဒေါ်နွယ်နီစိန် (၃၆)မချယ်ရီ (၃၇) မောင်ဖိုးသား (၃၈) မငုဝါ

တရားပြိုင်များ

အထက်ပါ အမှုမှ (၃၅) ဒေါ်နွယ်နီစိန်၊ (၃၆) တရားပြိုင် မချယ်ရီ(၃၇) တရားပြိုင် မောင်ဖိုးသား (၃၈) တရားပြိုင် မငုဝါတို့၏ နေရပ်လိပ်စာ (94/H) ငွေကြာရံ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်မေတင်ရီက အမွေပုံပစ္စည်း စီမံခန့်ခွဲ ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ရက် (၁၃၈၁ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ချိုထက်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပုသိမ်ခရိုင်တရားရုံး**

## ညောင်နှစ်ပင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုအထူးဇုန် အတွင်းရှိ မြေကွက်လက်ဝယ်ပိုင်ဆိုင်သော လုပ်ငန်းရှင်များအား သတိပေးနှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (မှော်ဘီ/လှည်းကူး)မြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုလုပ်ငန်းအထူးဇုန်(၁/၂/၃)အတွင်းရှိ လုပ်ငန်းရှင်များ မြေကွက်လုပ်ကိုင်ခွင့်ရရှိထားသူများ သိရှိစေရန် အသိပေးနှိုးဆော်တိုက်တွန်းအပ်ပါသည်။

ညောင်နှစ်ပင်အထူးဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၁၅-၉-၂၀၁၉ရက် နောက်ဆုံးထား၍ ညောင်နှစ်ပင်အထူး ဇုန်(၁/၂/၃)၏ သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအသီးသီးသို့ ဆက်သွယ်ကြပါရန် အသိပေးနှိုးဆော်အကြောင်းကြားပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ခြင်း မရှိပါက မြေကွက်ခွင့်ပြုထားမှုအပေါ် စည်းကမ်းသတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်သုံးသပ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညောင်နှစ်ပင်အထူးဇုန်(၁/၂/၃)**
**စီမံခန့်ခွဲရေးကော်မတီ**
**မှော်ဘီ၊ လှည်းကူးမြို့နယ်**

### ဖခင်အမည်မှန်

အထက(၅) ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း(A) မှ နန့်မွန်မွန်သင်း၏ဖခင် အမည်မှန်မှာ ဦးသောင်းညွှန့် ၁၂/ကမန(နိုင်)၀၅၅၆၆၃ ဖြစ်ပါကြောင်း။

လှထု
သံပန်း၊ သံတံခါး၊ လိပ်တံခါး၊ အလူမီနီယံ
Steel Structure စက်ီးလုပ်ငန်း
အမှတ်(၁၄)၊ ၁၆၇-လမ်း၊ တာမွေ
Ph:09-5031107, 09-5028986

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက (ခွဲ) ဝမ်းတွင်း(၁) တက္ကသိုလ်ဝင်တန်း(B) မှ မောင်ကျော်ဇင်ဖြိုး၏ဖခင် အမည်မှန်မှာ ဦးခိုင်မင်း ၉/ဝတန(နိုင်) ၁၄၅၅၀၂ ဖြစ်ပါကြောင်း။ **ဦးခိုင်မင်း**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ EAINT MYAT NOE Co.,Ltd (အိမ့်မြတ်နိုးကုမ္ပဏီလီမိတက်)၏ ထုတ်ကုန်သွင်းကုန်ကတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၁၀၇၂၅၊ ၀၁-၂၀၅၂၆၂**

### ဖခင် အမည်မှန်

ပြည်မြို့နယ်၊ ဝက်ထီးကန်၊ နေမင်းလူကိုယ်ပိုင်အထက်တန်းကျောင်းတက္ကသိုလ်ဝင်တန်း(စီ)မှ မခင်ရတနာနှင်း၏ဖခင်အမည်မှန်မှာ ဦးမောင်ငွေး ၇/ပမန(နိုင်)၀၉၁၀၂၅ ဖြစ်ပါကြောင်း။

## ကျေးဇူးဆပ်ပါမည်

မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင် ဦးပိုင်(မ)၄၁၊ အိမ်အမှတ်(၂၄) ဗိုလ်ကြီးကိုကိုမောင်အမည်ပေါက် မြေကွက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် အကြောင်းကြားသည့်သူအား ကျေးဇူးဆပ်ပါမည်။

**ဦးရန်အောင်ဝင်း**
**ဖုန်း-၀၉-၆၉၃၁၃၄၇၅၅**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မောင်သန်းမျိုးဇော်၏ဖခင် အမည်မှန်မှာ ဦးမြင့်လွင် ၇/သဝတ(နိုင်)၀၃၆၅၇၁ ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ဇေယျာဝတီအမက(မူလွန်) တတိယတန်းမှ မမေသက်ဇင်၏ဖခင် အမည်မှန်မှာ ဦးအောင်ကျော်လင်းဦး ၇/ကဝန(နိုင်)၁၇၁၈၄၈ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်လင်းဦး**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F) မှ မောင်ဇေယျာဝင်း၏ဖခင် အမည်မှန်မှာ ဦးအေးကြူ ၇/လပတ(နိုင်)၀၆၅၆၂၄ ဖြစ်ပါကြောင်း။

**ဦးအေးကြူ**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အထက မင်းလှ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ထက်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၇/မလန(နိုင်)၀၇၉၆၄၃ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7N/1827 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော် ၁၂/တမန(နိုင်)၀၈၉၂၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး (ပဲခူး)**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ ဆင်ဖြူကန်ကျေးရွာ အထက(ခွဲ) မြောက်ခွေးရဲ တက္ကသိုလ်ဝင်တန်းမှ မောင်သူရအောင် ၇/ပခတ(နိုင်)၁၁၂၇၀၅ ၏ဖခင်အမည်မှန်မှာ ဦးဇော်ငွေး ၇/ပခတ(နိုင်)၀၅၀၂၆၆ ဖြစ်ပါကြောင်း။ **ဦးဇော်ငွေး**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အထက(ခွဲ)ဦးတိုစာဖြူစု သတ္တမတန်းမှ မထက်ထက်အောင်၏ဖခင် အမည်မှန်မှာ ဦးအောင်ကိုဝင်း ၇/မလန(နိုင်)၀၉၂၈၂၇ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုဝင်း**

### အမည်ပြောင်း

ဦးဆန်ရွှေ၏သမီး နမ္မတူမြို့နယ်၊ မိုင်းရင်အထက၊ တက္ကသိုလ်ဝင်တန်းမှ နန်းကျိန်ခမ်း (ကဝ-၃၉၉၄)အား ယနေ့မှစ၍ နန်းအေးကျိန်ဟု ပြောင်းလဲခေါ်ပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-VI၊ ကွက်ပြင်-၆)၊ ဦးပိုင်အမှတ်(၆-က/၁၅၃)၊ မြေယာအမှတ်(19/417)၊ မြေဧရိယာ ၀ဒသမ၁၂၉ဧကရှိမြေကွက်အား မြေငှားဂရန်အသစ်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်တူး(ခ) ဒေါ်ညွှန့်ညွှန့်လွင် ၁၂/ဗဟန(နိုင်) ၀၁၂၁၈၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III၊ ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၂၄)၊ မြေယာအမှတ်(213/254)၊ မြေဧရိယာ ၁ ဒသမ ၁၅ ဧကရှိ မြေကွက်အား မြေငှားဂရန်သစ်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ခင်ဆွေမြင့် ၉/မရမ(နိုင်)၀၉၂၆၆၃ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက် မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ်(၃၂/ရှမ်းဈေးတန်း)၊ ဦးပိုင်(၂၅/က)၊ ဧရိယာ ၀ဒသမ၁၄၆ ဧက၊ အမှုတွဲအမှတ် ၅၀-၅/၂၀၁၄-၂၀၁၅(အ)နှင့် ဦးပိုင်(၂၅/က၁)၊ ဧရိယာ ၀ ဒသမ၀၇၈ဧက အမှုတွဲအမှတ်-၆၄၀-၅၊ ၂၀၁၆-၂၀၁၇(အေ)အား ဦးဝမ်ယုံရှမ်း ၁၃/လရန(နိုင်)၀၆၃၀၉၁မှ အမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါဂရန်(၂)ခုအား ဦးပိုင်ပေါင်းစပ်ခွင့်လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်းအထောက်အထားခိုင်လုံစွာဖြင့် လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။ **ခရိုင်ထွေ/အုပ်၊ လားရှိုးမြို့**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သင်းသင်းကြိုင် ၁၃/သနန(နိုင်)၀၁၄၁၁၅ ၏ ပတ်စ်ပို့(နံပါတ်မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၂၃၂၂၉၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(စစ်တွေ)
## စားသောက်ဆိုင်ခန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ နည်းပညာတက္ကသိုလ်(စစ်တွေ) ကျောင်းဝင်းအတွင်းတွင်ရှိသော စားသောက်ဆိုင်ခန်းအမှတ် (၁၊ ၂၊ ၃၊ ၄)တို့အား ၁-၁၀-၂၀၁၉ရက်မှ ၃၀-၉-၂၀၂၀ရက်အထိ (၁-နှစ်) ငှားရမ်းလုပ်ကိုင်လိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(စစ်တွေ) ငွေစာရင်းဌာနတွင် (ဖုန်း-၀၉-၄၂၆၁၉၁၉၀၀၊ ၀၉-၄၅၀၅၃၉၉၄၇) ရုံးချိန်အတွင်း လာရောက်စုံစမ်းထုတ်ယူနိုင်ပြီး ၂၀-၉-၂၀၁၉ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။

**စားသောက်ဆိုင်ခန်းငှားရမ်းမှုနှင့် ကြီးကြပ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(စစ်တွေ)**

## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းနယ်မြေအတွင်းရှိ အောက်ပါဆိပ်ကမ်းများတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရေယာဉ်များ ဆိပ်ကမ်းကပ်ခ အခွန်ကောက်ခံရေးဆောင်ရွက်လိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) မန္တလေးဆိပ်ကမ်း
(၂) အမရပူရဆိပ်ကမ်း
(၃) ပုဂံ-ညောင်ဦးဆိပ်ကမ်း
(၄) ကြာညှပ်ဆိပ်ကမ်း(သပိတ်ကျင်းမြို့နယ်)

**တင်ဒါပုံစံရောင်းချခြင်း တင်သွင်းခြင်း** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီးရုံး၊ ၈၂လမ်းနှင့် ၃၅လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂-၉-၂၀၁၉ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်** - ၂၀-၉-၂၀၁၉ရက် (၄း၃၀နာရီ)

တင်ဒါဖွင့်လှစ်မည့်ရက်ကို လျှောက်ထားသူများထံ အကြောင်းကြားပါမည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၆၀၂၃၇ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်နှင့်ပလောက်မြို့စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သော လုပ်ငန်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ပုလောမြို့နယ်နှင့်ပလောက်မြို့ စည်ပင်သာယာရေးအဖွဲ့၏ ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂-၉-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** - ၂-၁၀-၂၀၁၉ရက် (၁၆း၀၀)နာရီ
**တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြဝတီလမ်း၊အမှတ်(၂)ရပ်ကွက်၊ ပုလောမြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၅၉၃၀၀၀၆၊ ၀၉၇၈၈၉၄၀၅၄၈၊ ၀၉၇၉၀၅၇၂၃၃၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်၊ ယန္တရား၊ စက်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သော လုပ်ငန်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂-၉-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** - ၂-၁၀-၂၀၁၉ရက် (၁၆း၀၀)နာရီ
**တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ အထက(၃)ကျောင်းလမ်း၊ ဈေးတန်းရပ်၊ မြိတ်မြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၄၅၀၀၁၈၀၁၅၇၊ ၀၉-၇၈၃၆၀၁၅၀၂၊ ၀၉-၂၅၄၁၇၁၁၄၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ နေပြည်တော်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (FSDP) အောက်တွင် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် Human Resource Management System အသုံးပြုရန်အတွက် ဝန်ဆောင်မှုပေးနိုင်မည့် ပြည်တွင်းနည်းပညာကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၂-၉-၂၀၁၉ရက်မှ ၄-၉-၂၀၁၉ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် ၅၅၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ် (စက်မှု)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၉-၂၀၁၉ရက် ၀၉း၃၀နာရီမှ ၁၃း၃၀နာရီအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်၅၅၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁ရာခိုင်နှုန်းအား တင်ဒါအာမခံကြေးအဖြစ် (၃)လ သက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရမည်။ (ငွေသားသို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝလက်ခံမည်မဟုတ်ပါ။)

၅။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (နေပြည်တော်)၊ လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၃၄၃၈၂၉၃၊ ၀၆၇-၃၄၃၈၁၇၃၊ ၀၆၇-၃၄၃၈၂၅၇တို့သို့လည်းကောင်း၊ Email လိပ်စာ PCU.cbm.fsdp@mptmail.com.mmသို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်အဝေးသင်တက္ကသိုလ်(ပုသိမ်ဌာနခွဲ)
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈-ပညာသင်နှစ်အတွက် ၂၀၁၈-ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပခဲ့သော ရန်ကုန်အဝေးသင်တက္ကသိုလ်(ဘွဲ့)စာမေးပွဲကို ရန်ကုန်အဝေးသင်တက္ကသိုလ်(ပုသိမ်ဌာနခွဲ)မှ အောင်မြင်ခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများသည် ပုသိမ်တက္ကသိုလ်၌ ကျင်းပမည့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ (၁၇၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံနှင့်အတူ (၂×၁$\frac{1}{2}$)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၃)ပုံ (ဓာတ်ပုံတွင်လက်ပြတ်အင်္ကျီမဖြစ်စေရ)နှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ကိုပူးတွဲ၍ ၁၅-၈-၂၀၁၉ရက်မှ ၁၆-၉-၂၀၁၉ရက်အထိ နောက်ဆုံးထားလျှောက်ထားရပါမည်။ (သတ်မှတ်ရက်အမီ ဘွဲ့လျှောက်လွှာများတင်သွင်းကြပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်၍ ဘွဲ့လျှောက်လွှာများတင်သွင်းခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။)

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀၀ိ(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ပုသိမ်တက္ကသိုလ်၊ အဝေးသင်ဌာနခွဲတွင် အခမဲ့ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး ပေးသွင်းရန်ရှိသော ငွေကြေးများပေးဆောင်ပြီးဖြစ်ကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို ပေးသွင်းလျှောက်ထားရမည်။

၆။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်သော်လည်း ဘွဲ့ဆိုင်ရာကျသင့်ငွေ ပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီဘွဲ့လျှောက်လွှာတင်သွင်းခြင်းမပြုလျှင်သော်လည်းကောင်း ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၇။ ၂၀၁၈-ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်နှင့် အစီအစဉ်တို့ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

**(စောစတီးဖင်း)**
**ဌာနမှူး**
**သင်တန်းရေးရာဌာန၊ ပုသိမ်တက္ကသိုလ်**

## အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့ (၁၀)လမ်းနေ ဆင်ပိုင်ရှင်ဦးအေးသိန်း ပိုင် ဆင်နှစ်ကောင်အား မှတ်ပုံတင်သက်တမ်းတိုးရန် သတ်မှတ်ရက်ကျော်လွန်သွားပြီဖြစ်၍ ဆင်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

**နတ်တလင်းသစ်တောဦးစီးဌာန**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ကယားပြည်နယ်-လွိုင်ကော်မြို့
## (၀၂/၂၀၁၈-၂၀၁၉)ကြိမ်မြောက် (MSME)
## ဒေသအိတ်ဖွင့်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း(သတ-ဖ)ကျွန်း/ပီတောက်ခွဲသား ၃၈.၈၄၄၀တန် မန်နေဂျာ(ပြည်တွင်းရောင်း/စက်)တာဝန်ခံရုံး၊ လွိုင်ကော်မြို့တွင် ဒေသအိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

ဒေသအိတ်ဖွင့်လေလံ =၂၆-၉-၂၀၁၉ရက် နံနက် ၀၈း၃၀နာရီတွင် စတင်ကျင်းပမည်။

